# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၀၅)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ ရက်၊ ၅-၁၀-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများ မွေးထုတ်ပေးရေးတွင် ဆရာသည်သာ အခရာဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာ**

( ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် )

ချစ်ခင်လေးစားအပ်ပါသော ဆရာ၊ ဆရာမများခင်ဗျား-

ယနေ့ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကာယသုခ၊ စိတ္တသုခ နှစ်ဖြာသော သုခနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လူ့လောကတွင် ဆရာနှင့်ကင်းသူဟူ၍ မရှိပါ။ လူသားတိုင်းတွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူ၍ အသီးသီးရှိကြသည်ချည်းသာ ဖြစ်ပါသည်။ အာစရိယဆရာတို့၏ ဂုဏ်ကျေးဇူးတန်ဖိုးကား အတိုင်းအဆမရှိ တုနှိုင်းမရအောင် ကြီးမားမြင့်မြတ်လှပေသည်။ မြင့်မြတ်သော ဆရာတို့၏ ဂုဏ်ကျေးဇူးများကို ဖော်ကျူးကာ လေးစားစွာဖြင့် ကမ္ဘာအနှံ့ ချီးမြှင့်ဂုဏ်ပြုလာခဲ့ကြပါသည်။ ၁၉၉၄ ခုနှစ်မှစတင်၍ နှစ်စဉ် အောက်တိုဘာလ ၅ ရက်နေ့ရောက်တိုင်း **"ဆရာကို တန်ဖိုးထားလို့ သူတို့အနာဂတ်ကို မြှင့်တင်ကြစို့"**၊ **"အနာဂတ်ဘဝလှပဖို့ ဆရာများက ကြိုးစားစို့"**၊ **"ဆရာ၊ ဆရာမ တန်းတူညီ၊ လူ့ဘောင်ပြည်ရွာသာယာမည်"**၊ **"ပညာရေးပြုပြင်ပြောင်းလဲမှု ဆရာများက အစပြု"** စသည့် ဆရာများ၏ ဂုဏ်ကျေးဇူးကို ဖော်ကျူးသည့် ဆောင်ပုဒ်များ ချမှတ်ကာ ကမ္ဘာ့ဆရာများနေ့ကို ကျင်းပလာခဲ့ကြသည်မှာ နှစ်ပေါင်း (၃၁)နှစ် တိုင်ခဲ့ပြီဖြစ်ပါသည်။

စာမျက်နှာ ၃ သို့ ○

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဟသ်ာတမြို့နယ်၌ ကမ်းပြိုကမ်းစားအခြေအနေများ ကြည့်ရှုစစ်ဆေးပြီး ကျောင်းကုန်းမြို့နယ်၌ စပါးစိုက်ပျိုးနေမှုများ ကြည့်ရှုအားပေး



ပုသိမ် အောက်တိုဘာ ၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် မန်းငြိမ်းမောင်သည် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု ဖောင်ဆိပ်ကျေးရွာအနီးရှိ တာတမံအခြေအနေနှင့် ကမ်းပြိုကမ်းစားအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဟသ်ာတမြို့နယ် ဇရပ်ကွင်းကျေးရွာအုပ်စု သဃ်န်းတောကျေးရွာနှင့် လေးမျက်နှာမြို့ အမှတ်(၃)ရပ်ကွက်တို့၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုအားပေးသည်။

### ပေးအပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှင့် အဖွဲ့သည် လေးမျက်နှာမြို့နယ် စတုမုခထူပါရုံစေတီတော် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိပြီး ကမ်းထိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေး၍ အလှူငွေများပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ငါးသိုင်းချောင်းမြို့ သဘော့ကုန်းကျေးရွာ၌ သန်းခေါင်စာရင်းကောက်ယူနေမှု၊ ငါးသိုင်းချောင်းမြို့ ကျောက်ချောင်းကျေးရွာရှိ တောင်သူ ဦးအောင်မျိုးထက်၏ စိုက်ဧက ၅ ဒသမ ၈၅ ဧကတွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်စက်များဖြင့် အစားထိုးပြန်လည် စိုက်ပျိုးနေမှုနှင့် ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်၌ သန်းခေါင်စာရင်းကောက်ယူနေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက် ကျုံပျော်မြို့နယ် အားကစားခန်းမတွင် ပြုလုပ်သည့် တွေ့ဆုံပွဲသို့တက်ရောက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် နီးကြားသောအသိ၊ သတိဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကျုံပျော်၊ ရေကြည်နှင့် ကျောင်းကုန်းမြို့နယ်များမှ တောင်သူများထံ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျုံပျော်မြို့နယ် ရွာသစ်ကုန်းကျေးရွာရှိ တောင်သူ ဦးစိန်မောင်၏ စိုက်ဧက ၃ ဒသမ ၅ ဧကတွင် GW-11 စပါးမျိုးအား စံကွက်ရိတ်သိမ်းနေမှု၊ ကျောင်းကုန်းမြို့နယ် ပန်းတောရိုးကျေးရွာရှိတောင်သူ ဦးအောင်မျိုးသန်း၏ စပါးပျက်စီး စိုက်ဧက ၁၇ ဧကနှင့် တောင်သူ ဦးမင်းမင်းဦး၏ စိုက်ဧက ၁၀ ဧကတွင် ဆင်းသုခစပါးမျိုးအား ကောက်စိုက်သမများ၊ မျိုးစေ့ချကိရိယာများဖြင့် စိုက်ပျိုးနေမှုတို့ကို ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများအား စားသောက်ဖွယ်ရာများပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာအညွှန်း**

မြို့ပြရေပေးရေးမှ ရေလေလွင့်ဆုံးရှုံးမှုမရှိရေး စည်းကမ်းရှိရှိ သုံးစွဲပေး(ဆောင်းပါး) စာမျက်နှာ ၁၄


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၅)ရက်မြောက်နေ့ ကောက်ယူနေပါသည်။**

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၅ ရက် ၊ စနေနေ့ ။

# ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူး

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ (၅)ရက်နေ့သည် ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ထားသည်။ ဆရာဟူသည် ပညာသင်ကြားပေးသူ၊ သွန်သင်ဆုံးမ နည်းလမ်းပြပေးသူဖြစ်သည်။ အချို့ကလည်း ဆာယာ ဟူသော စကားမှ ဆရာဖြစ်လာသည်ဟု ဆိုကြသည်။ ဆာယာမှာ အေးရိပ်ကို ဆိုလိုသည်။ ထို့ကြောင့် နားခိုရန် အေးမြသော အရိပ်ပေးစွမ်းနိုင်သူကို ဆရာဟုပင် တင်စားရမည်ဖြစ်သည်။

နှစ်စဉ် အောက်တိုဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့အစည်းများက စီစဉ်ခဲ့ကြသည်။ လက်အောက်ခံအဖွဲ့အစည်းများမှာ ယူနက်စကို၊ အိုင်အယ်လ်အို၊ ယူအင်ဒီပီနှင့် ယူနီဆက်တို့ဖြစ်သည်။ ယင်းအဖွဲ့များ၏ တာဝန်ရှိသူများက အောက်တိုဘာ ၅ ရက်နေ့ရောက်တိုင်း ကမ္ဘာ့ဆရာများနေ့ အခမ်းအနားများသို့ စပေါင်းသဝဏ်လွှာပေးပို့မြဲဖြစ်သည်။

ညအခါတွင် လမင်းကြီးသာမှ လုပနိုင်သကဲ့သို့ လူသားတိုင်း၏ ဘဝသည်လည်း ဆရာရှိမှ တင့်တယ်နိုင်မည်ဖြစ်သည်။ လှိုင်းနှင့်ကင်းသော သမုဒ္ဒရာသည် မရှိနိုင်သကဲ့သို့ ဆရာနှင့်ကင်းသော လူသားဟူ၍လည်း မရှိနိုင်ပါ။ လူသားတို့တွင် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာဟူသော ဆရာတစ်မျိုးမျိုး ရှိရမည်လည်းဖြစ်သည်။ ဆရာများ၏ သင်ကြားဆုံးမမှုကြောင့် လူသားများ တတ်သိလိမ္မာခဲ့ရခြင်းဖြစ်သည်။ ဆရာဟူသည် လူ့လောက၏ လမ်းညွှန်မှုပေးသော မီးပြတိုက်ကြီးပမာဖြစ်သည်။ လောကလူသားများ ဆရာဟု နှုတ်ဖျားကမချ ရှိသေနေကြသည်မှာ ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူးများကြောင့်ဖြစ်သည်။ တုနှိုင်းမရသော ဂုဏ်ဟုဆိုလိုခြင်းမှလည်း သာမန်လူသားများ မထမ်းဆောင်နိုင်သော တာဝန်များကို ဝါသနာ၊ စေတနာ၊ အနစ်နာ၊ နည်းနာဟူသော နာလေးနာဖြင့် ထမ်းဆောင်နိုင်ခြင်းကြောင့် စံပြုဖွင့်ဆိုရခြင်းဖြစ်သည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းက လက်ခံထားသော ဆရာ့ကျင့်ဝတ်ငါးပါးတွင်လည်း အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးတား၊ သင့်ရာအပ်ပို့ ဆရာတို့(သိင်္ဂါလသုတ်၊ သင်္ဂဇာဆရာတော်)ဟု ပါရှိပါသည်။

လူသားတစ်ယောက် လူလားမြောက်ရန်အတွက် အတတ်ပညာလည်း သင်ရသည်။ လိမ္မာရေးခြား ရှိအောင်လည်း ဆုံးမရသည်။ ဘေးရန်ကြုံတွေ့နိုင်သည့် လမ်းမှားသို့ မရောက်အောင်လည်း တားဆီးကာကွယ်ပေးရသည်။ အနာဂတ်ခရီးအတွက် သင့်တော်ရာလမ်းကိုလည်း ရွေးချယ်ပေးရသည်။ ဤမျှကြီးမားလှသော တာဝန်များပင်ဖြစ်သည်။ ဆရာကောင်း၊ ဆရာမြတ်တို့၏အရိပ်အာဝါသတွင် ခိုလှုံရသူများမှာ အောင်မြင်ထွန်းပေါက်ခဲ့ကြသည်။

မြန်မာလူမျိုးတို့သည် ဆရာများကို အနန္တော၊ အနန္တငါးပါးတွင် တစ်ပါးအပါအဝင်အဖြစ် သတ်မှတ်ကာ ရှိသေလေးစားခဲ့ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ဆရာများ၏ ဂုဏ်ရည်ကို ဖော်ဆောင်သည့်အနေဖြင့် "ဆရာ့အသံများကို အလေးထားခြင်း"ဟူ၍ ညွှန်းဆိုထားသည်။

သို့ဖြစ်ရာ ဆရာများ၏ တုနှိုင်းမရသော ဂုဏ်ကျေးဇူးများ၊ နက်ရှိုင်းသော မေတ္တာကို တစိမ့်စိမ့်တွေးကာ ကြည်နူးမှုများနှင့် အတူအောက်တိုဘာ ၅ ရက် ကမ္ဘာ့ဆရာများနေ့ကို ရည်မှန်း၍ ဆရာများကို ရှိခိုးဦးခိုက်ပူဇော်လိုက်ရပါကြောင်း ရေးသားလိုက်ရပေသည်။

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၁၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ



**မန္တလေး အောက်တိုဘာ ၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းတို့၏ (၁၉)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၅ နာရီခွဲက သိပ္ပံလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေးပြင်လေးရပ်မှ ကြွရောက်တော်မူလာကြသည့် သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ကုလားပဲနပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်၊ ကော်ဖီမစ်ထုပ်၊ သံဃာတော်နှင့် သာမဏေတစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်းဒွိစုံငါးစုံနှင့် ငွေကျပ် ၇၅၀၀၀ တို့ကို စာရေးတံမဲဖောက်၍ မဟာမြိုင် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့်ဇနီး ဒေါ်ယုယုဇော်၊ မဟာမြိုင်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်နှင့်ဇနီး ဒေါ်နှင်းယုလှိုင်၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများနှင့် ရပ်ကွက်ဘုံဆွမ်းလောင်းအသင်းဝင်များက လောင်းလှူကြကြောင်း သိရသည်။ (ယာပုံ) (ဝ၄ဝ)

## ညောင်ဦးမြို့နယ်၌ တောင်သူများလက်ဝယ်သို့ မြေယာလျော်ကြေးငွေပေးအပ်

**ညောင်ဦး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် သစ်တောဦးစီးဌာန၊ ခရိုင်ရုံး မြေနေရာအဖြစ် အသုံးပြုထားသည့် မြေနေရာအတွက် ညောင်ဦးမြို့နယ်တောင်သူများ လက်ဝယ်သို့ မြေယာလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီခွဲက ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌရုံးခန်းတွင် မြေယာလျော်ကြေးငွေပေးအပ်ပွဲကျင်းပသည်။

မြေယာလျော်ကြေးငွေပေးအပ်ပွဲ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့၊ ညောင်ဦးမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်နှင့် ဝန်ထမ်းများ တက်ရောက်ကြပြီး အသုံးပြုထားသည့်မြေနေရာသည် ညောင်ဦးမြို့နယ်၊ ကုန်းတန်းကြီးကျေးရွာအုပ်စု၊ သန့်စင်ကြယ်ကျေးရွာ၊ ကွင်းအမှတ်(၁၅၃၃)၊ တောင်ရှေ့ကွင်း၊ ဦးပိုင်အမှတ် (၂၇/၅၀) မြေဧရိယာ (၁ ဒသမ ၈၄)ဧကအား မူလမြေပိုင်ရှင်တောင်သူများထံသို့ မြေဧရိယာ တစ်ဧကလျှင် ငွေကျပ် ၁၂၅ သိန်းနှုန်းဖြင့် လျော်ကြေးပေးချေရန်အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ မြေဧရိယာ (၁ ဒသမ ၈၄)ဧကအတွက် မြေယာလျော်ကြေးငွေကျပ် ၂၃၀၀၀၀၀၀ အား မူလမြေပိုင်ရှင်တောင်သူများထံသို့ အသိသက်သေများ ရှေ့မှောက်တွင် မြေယာလျော်ကြေးငွေအား ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် ညောင်ဦးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်တို့က အသိသက်သေများရှေ့မှောက်တွင် စာချုပ်စာတမ်းဖြင့် ပေးအပ်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ) (၄၈၁)



**သတင်းများOnline မှတစ်ဆင့် ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydaily-newspaper@gmail.com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

## တံတားဦးမြို့နယ်တွင် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်

**တံတားဦး အောက်တိုဘာ ၄**

တံတားဦးခရိုင်၊ တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာနတွင် ရပ်ကွက်နှင့် ကျေးရွာများရှိ မွေးကင်းစအရွယ်မှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား လစဉ်ပုံမှန်ကာကွယ် ဆေးထိုးခြင်းနှင့် တိုက်ကျွေးခြင်းလုပ်ငန်းကို ယနေ့နံနက် ၉ နာရီမှစတင်၍ သက်ဆိုင်ရာစုရပ်များတွင် ကာကွယ်ဆေးများထိုးနှံ တိုက်ကျွေးပေးလျက်ရှိသည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးရာတွင် မွေးကင်းစအရွယ်မှ အသက်တစ်နှစ်ခွဲအထိ ကလေးငယ်များအား ပေါင်ချိန်ပေးခြင်း၊ အသက်အရွယ်အလိုက် ဘီစီဂျီ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါဘီ၊ ဂျပန်ဦးနှောက်ရောင်၊ ဦးနှောက်အမြှေးပါးရောင်(ငါးမျိုးစပ်ကာကွယ်ဆေး)၊ ပြင်းထန်အဆုတ်ရောင် (ပီစီဗွီ)၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ရိုတာကာကာကွယ်ဆေး)၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး(၉)မျိုးကို ထိုးနှံပေးကြပြီး ပိုလီယိုအကြောသေရောဂါကာကွယ်ဆေးကိုလည်း တိုက်ကျွေးပေးကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူ တစ်ဦးထံမှ သိရသည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်လောင်းများနှင့် ကလေးမိခင်များကို ကျန်းမာရေးနှင့်ပတ်သက်သည့် အသိပညာပေးခြင်းလုပ်ငန်းများ၊ ကလေးအာဟာရဖွံ့ဖြိုးရေးအတွက် အသိပညာပေးခြင်းများကို ဆောင်ရွက်ကြပြီး ရပ်ကွက်၊ ကျေးရွာစုရပ်များတွင် ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းနှင့် အသိပညာပေးခြင်းများတို့ကို လစဉ်လဆန်း ၁ ရက်နေ့မှစတင်၍ ကျေးလက်ကျန်းမာရေးဌာန၊ သက်ဆိုင်ရာကျေးလက်ကျန်းမာရေးဌာနခွဲများတွင်လည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၄၀၉)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

○ ရှေ့ဖုံးမှ

"ကျေးဇူးရှိသူကို ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာတစ်ပါးပင်ဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် "ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ" တို့ကို ကျေးဇူးတရားကြီးမားသည့် အနန္တောအနန္တငါးပါးဟု သတ်မှတ်ကြသည်။ တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ် ကျောင်းသား ကျောင်းသူများကို ဝိဇ္ဇာ သိပ္ပံ ဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်ပြီး ပညာထူးချွန်သည့် လူတော်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တမြင့်မားသည့် လူကောင်းများ ဖြစ်လာစေရန် ပျိုးထောင်ပေးရာ၌ မိဘနှင့် ဆရာသည် ပဓာနကျပါသည်။ ကျောင်းသား ကျောင်းသူ လူငယ်များသည် နုနယ်သူများဖြစ်၍ မိဘ၊ ဆရာသမားများ၏ ပုံသွင်းပြုပြင်မှုအပေါ်မူတည်ပြီး လင်းလက်တောက်ပနိုင်"

မြန်မာနိုင်ငံတွင် မြတ်ဆရာတို့၏ ကျေးဇူးများကို အထူးသိမြင်ဦးထိပ်ပန်ဆင်လျက် ပူဇော်ကန်တော့လာခဲ့ကြသည့် ထုံးတမ်းစဉ်လာမှာ ရှေးနှစ်ပေါင်းများစွာမှစ၍ ယနေ့ထိတိုင်အောင်ဖြစ်သည်။ မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂသာဝက ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည် မိမိသိလိုသော ဝိသုဒ္ဓိမဂ် ခုနစ်တန်အကြောင်းကို ဟောပြနိုင်သည့် ရှင်ပုဏ္ဏထေရ်ကိုဦးထိပ်၌ ရွက်ထားလိုသည်ဟု ဆိုမိန့်ခဲ့သည်။ ထို့ပြင် ရှင်အဿဇိထေရ် ဟောကြားသော တရားတော်ကို နာကြားရသည်မှစ၍ ဗုဒ္ဓ၏တရားမှန်ကို ရခဲ့သည်ဟုဆိုကာ ဆရာဖြစ်သူရှင်အဿဇိထေရ် ရှိရာအရပ်ကို အမြဲတစေ ဦးခေါင်းပြု၍ ကျိန်းစက်တော်မူခဲ့သည်မှာလည်း ဆရာကို ရိုသေမြတ်နိုးခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ခြင်းပင်ဖြစ်သည်။

မင်းတုန်းမင်းသည် ငယ်ဆရာ စံကျောင်းဆရာတော်အား မိမိဘုရင်ဖြစ်လာသောအခါ ချီးမြှင့်မြှောက်စားခြင်းဖြင့် ကျေးဇူးဆပ်ခဲ့သည်။ ရှေးမြန်မာမင်းတို့သည် မိမိတို့အား တရားပြ၍ ဆုံးမသော ရဟန်းတော်တို့၏ကျေးဇူးကို သိမြင်သည့်အလျောက် ကျောင်းတော်ကြီးများ ဆောက်လုပ်လှူဒါန်းခြင်း၊ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်းတို့ကိုပြု၍ ချီးမြှင့်ခြင်းဖြင့် ကျေးဇူးဆပ်ခဲ့ကြသည်။

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နှစ်စဉ်ဆရာကန်တော့ပွဲများကို ကျောင်းအလိုက် တက္ကသိုလ်အလိုက် ကျင်းပပြီး ဆရာ့ဂုဏ်ကျေးဇူးကို မမေ့မလျော့ ရိုသေစွာပေးဆပ်နေကြသည့် မြင်ကွင်းများကို တွေ့မြင်ကြရသည်မှာ ဂုဏ်ယူကြည်နူးဖွယ် မြန်မာ့ယဉ်ကျေးမှုဓလေ့တစ်ခု ဖြစ်ပါသည်။

ကျေးဇူးရှိသူကို ကျေးဇူးဆပ်ခြင်းသည် မင်္ဂလာတစ်ပါးပင် ဖြစ်ပါသည်။ မြန်မာ့လူ့အဖွဲ့အစည်းတွင် **"ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ"** တို့ကို ကျေးဇူးတရားကြီးမားသည့် အနန္တောအနန္တငါးပါးဟု သတ်မှတ်ကြသည်။ တိုင်းပြည်၏တာဝန်ကို ပခုံးပြောင်းတာဝန်ယူကြရမည့် မျိုးဆက်သစ် ကျောင်းသား၊ ကျောင်းသူများကို ဝိဇ္ဇာ သိပ္ပံ ဘာသာရပ်များ ကျွမ်းကျင်တတ်မြောက်ပြီး ပညာထူးချွန်သည့် လူတော်၊ စိတ်ဓာတ်၊ စည်းကမ်းနှင့် အကျင့်စာရိတ္တမြင့်မားသည့် လူကောင်းများ ဖြစ်လာစေရန် ပျိုးထောင်ပေးရာ၌ မိဘနှင့် ဆရာသည် ပဓာနကျပါသည်။ ကျောင်းသား၊ ကျောင်းသူ လူငယ်များသည် နုနယ်သူများဖြစ်၍ မိဘ၊ ဆရာသမားများ၏ ပုံသွင်းပြုပြင်မှုအပေါ် မူတည်ပြီး

"ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင်ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်။ "တပည့်များစွာ၊ ငါ့ထက်သာ၍၊ နေရာတိုင်းမှာ၊ အရေးပါ" ဆိုသည့်စကားနှင့်အညီ စည်းကမ်းရှိသော၊ အချိန်လေးစား၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်"

လင်းလက်တောက်ပနိုင်ပါသည်။

သားသမီးများအတွက် မိဘများသည် မွေးဖွားသည်မှစ၍ ကျောင်းနေခွင့်မရမီ သိသင့်သိထိုက်၊ ပြောသင့်ပြောထိုက်၊ ပြုမူသင့်ပြုမူထိုက်သည်များကို ဆုံးမသင်ကြားပေးကြပါသည်။ နွေးထွေးသော မိဘရင်ခွင်မှ စာသင်ကျောင်းဆီသို့ ဦးတည်ခိုဝင်လာကြသည့်အခါတွင်လည်း ဆရာ ဆရာမတို့သည် မိမိတို့၏ တပည့်များကို ဆင်းရဲချမ်းသာမရွေး၊ အယုတ်အလတ်အမြတ်မရွေး နွေးထွေးသော ကြင်နာစွာ လက်ကမ်း၍ မေတ္တာဖြင့် ကြိုဆိုခဲ့ကြသည်။ **"လက်ဦးဆရာ၊ မည်ထိုက်စွာ၊ ပုဗ္ဗာစရိယ မိနှင့်ဖ"** သည် ကလေးသူငယ်များ၏ ကိုယ်ရည်ကိုယ်သွေးကို ပထမဦးဆုံး လွှမ်းမိုးပြုစုပျိုးထောင်သူများ ဖြစ်ကြပါသည်။ တပည့်များကို မိမိတို့၏သားသမီးအရင်းကဲ့သို့ သဘောထားကာ တပည့်များ၏ဘဝ မတိမ်းစောင်းစေရန် မှန်ကန်တည့်မတ်အောင်မြင်ကြစေရန် စေတနာဖြင့် ပဲ့ပြင်ထိန်းကျောင်းပေးခဲ့ကြပါသည်။

ရိုသေထိုက်သောဂုဏ်ရှိခြင်း၊ ချစ်ခင်ထိုက်သောဂုဏ်ရှိခြင်း၊ ချီးမွမ်းထိုက်သောဂုဏ်ရှိခြင်း၊ တပည့်များလွဲမှားနေလျှင် အမုန်းခံ၍ တည့်မတ်ပေးခြင်း၊ မေးလာသမျှကို ဖြေဆိုပေးနိုင်ခြင်း၊ နက်နဲသော သဘောတရားကို ဟောကြားပေးနိုင်ခြင်း၊ အကျိုးနည်းမည့်နေရာကို မတိုက်တွန်းဘဲ အကျိုးများမည့်နေရာကို တိုက်တွန်းခြင်းဟူသည့် ဆရာ့အင်္ဂါခုနစ်ပါးနှင့် ပြည့်စုံသော ဆရာတို့သည် **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဖို့ဝတ်ငါးဖြာ"** ဟူသော ဆရာ့ဝတ္တရားငါးပါးနှင့်အညီ စေတနာ၊ ဝါသနာ၊ အနစ်နာ ဟူသည့် နာသုံးနာဖြင့် တပည့်တို့အား ပညာပြည့်ဝ နှလုံးလှအောင် ပညာသင်ကြားပေးကြပါသည်။ မေတ္တာကရုဏာဖြင့် လမ်းမှားသို့ မရောက်အောင် လိမ္မာယဉ်ကျေးအောင် ပဲ့ပြင်ဆုံးမပေးကြပါသည်။ ထို့ကြောင့် သင်ဆရာ (မုတာစရိယ)၊ မြင်ဆရာ (ဒိဋ္ဌာစရိယ)၊ ကြားဆရာ (သုတစရိယ) အစရှိသော ပညာဖြန့်ဝေပေးသူကို **"အာစရိယ ဆရာ"** ဟူ၍လည်းကောင်း၊ တပည့်တို့ကို လိမ္မာအောင် ပဲ့ပြင်သွန်သင်ဆုံးမပေးသူကို **"ဥပဇ္ဈာယ်ဆရာ"** ဟူ၍လည်းကောင်း ခေါ်ဆိုကြပါသည်။ ဤကြီးမြတ်လှသော ဂုဏ်ဒြပ်နှစ်ရပ်နှင့် ကုံလုံပြည့်စုံသော ကျေးဇူးရှင်ဆရာများ၏တန်ဖိုးကား တုနှိုင်း၍မရနိုင်ပါ။

ဆရာသည် အမှားနှင့်အမှန်ကို ခွဲခြားနိုင်စေရန် အကောင်းနှင့်အဆိုး၊ အကြောင်းနှင့်အကျိုးကို မှန်ကန်စွာ နားလည်ပြီး အမှောင်တွင်းမှ လွတ်မြောက်စေရန်၊ အမှောင်ထုအတွင်း မကျရောက်စေရန် ဆောင်ရွက်ပေးနေကြသူများဖြစ်ကြပါသည်။ ဆရာသည် လူသားအချင်းချင်း ချစ်မြတ်နိုးကြစေရန် လုပ်ပေးနိုင်သူ၊ တပည့်များ၏ဘဝနှင့် လောကကို အလှဆင်ပေးသူ၊ သောကကို ဖြေဖျောက်ပေးသူများ ဖြစ်ကြသဖြင့် လူ့အဖွဲ့အစည်း၏ခေါင်းဆောင်ဟုပင် တင်စားသတ်မှတ်ကြပါသည်။

ဆရာတို့သည် တပည့်များကို စာကိုလည်းသင်၍ စိတ်ကိုလည်း ပြင်ပေးကြရပါမည်။ လူသားအချင်းချင်းအပေါ် ကိုယ်ချင်းစာစိတ်ထားတတ်အောင် လမ်းပြပေးကြရပါမည်။ အတ္တကိုယ်ကျိုးနှင့်ယှဉ်၍ ပရဟိတ အများအကျိုးဆောင်လိုစိတ်များ ဖြစ်ပေါ်လာအောင် အသိပညာပေး ဆုံးမကြရပါမည်။ **"ကြီးသူကိုရိုသေ၊ ရွယ်တူကို လေးစား၊ ငယ်သူကို သနား"** ဟူသည့် မြန်မာ့စိတ်ထားကို နှလုံးသားတွင် စိမ့်ဝင်နေအောင် လမ်းညွှန်ပေးကြရပါမည်။ နိုင်ငံ့အတွက် အမျိုးသားရေးတာဝန်များဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေး၊ တိုင်းချစ်ပြည်ချစ်စိတ် ကိန်းအောင်းတိုးပွားလာစေရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကိုလည်း သွန်သင်ညွှန်ပြပေးကြရပါမည်။

ကာယ၊ ဉာဏ၊ စာရိတ္တဆိုင်ရာ ဘက်စုံကျွမ်းကျင်သော စနစ်သစ်ပညာရေး အလျင်အမြန်အောင်မြင်စေရန်မှာ ဆရာတို့၏ အဓိကတာဝန်ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်အတွက် အရည်အသွေးပြည့်ဝသည့် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးရေးတွင် ဆရာသည်သာ အခရာဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံ့ လူ့အဖွဲ့အစည်း၏ မျိုးဆက်တိုင်း တော်သလောက်ကောင်းစေရန် လေ့ကျင့်ပေးနိုင်သည့် လူတန်းစားမှာ ဆရာများသာဖြစ်ကြပါသည်။ လူသားမျိုးဆက်ကို ထက်မြက်အောင်လေ့ကျင့်ပေးပြီး အဖွဲ့အစည်းကို မြင့်မားစေရန်၊ ငြိမ်းချမ်းစေရန် လုပ်ဆောင်နေကြသူများမှာလည်း ဆရာများပင်ဖြစ်ပါသည်။ အစဉ်တိုးတက်ပြောင်းလဲနေသော ပညာခေတ်တွင် ဆရာသည် မိမိနိုင်ငံသားများ ပညာရည်မြင့်မားရေး၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ခေတ်မီအတတ်ပညာများ၊ နည်းပညာများကို အစဉ်လေ့လာဆည်းပူးဖြည့်ဆည်းနေကြရမည် ဖြစ်ပါသည်။

ဆရာ၊ ဆရာမများသည် ဘဝတစ်လျှောက် အမြဲသင်ယူလေ့လာနေရသူများဖြစ်သဖြင့် အစဉ်ပြောင်းလဲနေသော ခေတ်နှင့်အညီ စာကြည့်တိုက်များ၊ စာအုပ်စာစောင်များနှင့် ခေတ်မီနည်းပညာများကို အသုံးပြုပြီး မိမိတို့၏အရည်အသွေးများ တိုးတက်နေအောင် ကိုယ်တိုင် လေ့လာသင်ယူဆည်းပူးနေကြရန် လိုအပ်ပါသည်။ မိမိသာမက မိမိတပည့်များကိုလည်း ကျောင်းပညာ၊ အတန်းပညာများ ပြီးဆုံးပြီးနောက် စာအုပ်စာပေဖတ်ရှုကာ ဘဝတစ်သက်တာ လေ့လာသင်ယူတတ်သူများဖြစ်စေရန် လမ်းညွှန်ပြသပေးကြရမည်ဖြစ်ပါသည်။

ဆရာများသည် တပည့်များအား ပညာကို တတ်မြောက်အောင် သင်ကြားပေးကာ အသိအမြင်၊ ဗဟုသုတများရှိအောင် လမ်းညွှန်ပြသရန် လိုအပ်သကဲ့သို့ စည်းကမ်းလိုက်နာတတ်သော နိုင်ငံသားများ ဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရန် လိုအပ်ပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး တည်ငြိမ်အေးချမ်းသော နိုင်ငံတော်တည်ဆောက်နိုင်ရေးအတွက် ဥပဒေကို လူတိုင်းသိရှိလိုက်နာရမည်ဖြစ်ပါသည်။ ကျောင်းသား၊ ကျောင်းသူများ ဥပဒေပိုင်းဆိုင်ရာ အသိအမြင်များရရှိနိုင်ရေး ဥပဒေပညာရပ်ကို တက္ကသိုလ်များတွင် သင်ကြားပေးလျက်ရှိသကဲ့သို့ Grade 11 နှင့် Grade 12 အတန်းများတွင် ဥပဒေပိုင်းဆိုင်ရာ အခြေခံအသိအမြင်များကို သင်ကြားပို့ချပေးကြရမည်ဖြစ်ပါသည်။

ဆရာတစ်ယောက်၏ ပညာအရည်အချင်းနှင့် စိတ်စေတနာတို့အပေါ်တွင် ကျောင်းသား၊ ကျောင်းသူတို့၏ ဘဝအကောင်းအဆိုးသည် တည်မှီနေသောကြောင့် ဆရာတို့တွင်ရှိအပ်သော ပညာအရည်အချင်း၊ စိတ်စေတနာနှင့် အကျင့်သိက္ခာတို့ကို အမြဲတစေ ဖြည့်ဆည်းထိန်းသိမ်းကြရပါမည်။ **"တပည့်များစွာ၊ ငါ့ထက်သာ၍၊ နေရာတိုင်းမှာ၊ အရေးပါ"** ဆိုသည့်စကားနှင့်အညီ စည်းကမ်းရှိသော၊ အချိန်လေးစား၊ နိုင်ငံတော်အပေါ် သစ္စာစောင့်ထိန်းသူများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးကြရပါမည်။

ယခုအခါ မိမိတို့နိုင်ငံသည် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်လျက်ရှိရာ အသိပညာ၊ အတတ်ပညာ၊ ကျွမ်းကျင်မှုနှင့် ပင်ကိုအရည်အချင်း၊ စွမ်းရည်များပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးတက်ရှင်သန်အားကောင်းနေရန် လိုအပ်ပါသည်။ ထို့ကြောင့် ဆရာကောင်းတစ်ဦး ဖြစ်ရမည့်အချက်များနှင့်ကိုက်ညီအောင် ကျင့်ကြံအားထုတ်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော၊ တာဝန်ယူမှု တာဝန်ခံမှုရှိသော၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာပြည့်ဝသော နိုင်ငံ့အကျိုး သယ်ပိုးကြမည့် အနာဂတ်နိုင်ငံ့သားကောင်း သမီးကောင်းရတနာများ ဖြစ်လာရန် လေ့ကျင့်ပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ဆရာ၊ ဆရာမများသည် တပည့်များကို အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် သင်ကြားပြသပေးနေကြသည်ဖြစ်ရာ ဆရာ၊ ဆရာမများ ဆရာ့ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ရေးအတွက် ၂၀၂၁ ခုနှစ်၊ အောက်တိုဘာလမှစတင်ပြီး ပညာအရည်အချင်းအလိုက် ခံစားခွင့်များ ထပ်ဆောင်းချီးမြှင့်ခဲ့ကာ ဝတ်စုံစရိတ်၊ အိမ်ငှားစရိတ် ထောက်ပံ့ပေးသကဲ့သို့ ဆရာ၊ ဆရာမ အိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

၂၀၂၄ ခုနှစ် ကမ္ဘာ့ဆရာများနေ့အတွက် ဆောင်ပုဒ်အဖြစ် **"ဆရာများ၏ ရင်ဖွင့်သံကို အလေးထားကြပါစို့ (Valuing Teachers' Voices)"** ဟုသတ်မှတ်ထားသည်နှင့်အညီ ဆရာများ ရင်ဆိုင်ကြုံတွေ့နေရသော အခက်အခဲ၊ စိန်ခေါ်မှုများကို အာရုံစိုက်ဖြေရှင်းပေးနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်နှင့် ဆရာများ၏ ကျွမ်းကျင်သော အတတ်ပညာများကို အမိအရ ရယူကြ၍ မိမိတို့ဘဝနှင့် နိုင်ငံတော်အတွက် အသိပညာကြွယ်ဝပြီး ဗလငါးတန်နှင့်ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များရရှိအောင် သင်ယူလေ့လာကြပါရန် ကမ္ဘာ့ဆရာများနေ့ အခါသမယတွင် အလေးအနက် တိုက်တွန်းအပ်ပါသည်။

ဆရာ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာလျက် သာယာချမ်းမြေ့ကြပါစေ။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနေမှုအား ကြည့်ရှုအားပေး

**မန္တလေး အောက်တိုဘာ ၄**

နိုင်ငံတစ်ဝန်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို အောက်တိုဘာ ၁ ရက်မှစတင်ဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီးတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း စုစည်းညီညာစွာဖြင့် ကောက်ယူလျက်ရှိသည်။

ယနေ့ စတုတ္ထမြောက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါပြီး ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် အမရပူရမြို့နယ်များရှိ နေအိမ်များတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းအား စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များဖြင့် ကောက်ယူနေမှုများကို ကြည့်ရှုအားပေးခဲ့သည်။

ထိုသို့ ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးစိုးလွင် ဦးဆောင်၍ ဆက်စပ်အဖွဲ့အစည်းများနှင့် စာရင်းစစ်၊ စာရင်းကောက်များက သန်းခေါင်စာရင်းတွင် အသုံးပြုသည့် အိမ်ထောင်စုမေးခွန်း ၆၈ ခုကို Tablet များ အသုံးပြု၍ ကောက်ယူရာ ပြည်သူများက စိတ်ပါဝင်စားစွာဖြင့် ပြည့်ပြည့်စုံစုံဖြေကြားခဲ့ကြသည်။

နိုင်ငံတစ်နိုင်ငံသည် သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိသော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံ၏ လူမှုရေး၊ စီးပွားရေးစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ကဏ္ဍများအလိုက် အချိုးညီညီ ဖွံ့ဖြိုးတိုးတက်စေရန် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း စသည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်သဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို နိုင်ငံအလိုက် ၁၀ နှစ်လျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိပြီး ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောက်တိုဘာ ၁၅ ရက်အထိ ၁၅ ရက်ကြာ ကောက်ယူသွားမည်ဖြစ်ကြောင်းနှင့် ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီ ကုန်းတော်မြတ်၌ တည်ထားကိုးကွယ်အပ်သော ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ် စေတီတော် (မန္တလေး)သို့သွားရောက်ကာ ဗုဒ္ဓမြတ်စွာဘုရားအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းနှင့် ဂေါပကအဖွဲ့ထံ အလှူငွေဆက်ကပ်လှူဒါန်းပြီး စွယ်တော်မြတ်စေတီတော် ပရဝဏ် အတွင်း၊ အပြင်တို့အား လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်))

ဝ-ဝ-ဝ-ဝ-ဝ













သတင်း-စာမျက်နှာ ၄





## ပုသိမ်ကြီးမြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ကျင်းပ



**ပုသိမ်ကြီး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သမဝါယမအသင်းစု၏ ၂၀၂၃ -၂၀၂၄ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀နာရီက မြို့နယ်အသင်းစုရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦး၊ တိုင်းဒေသကြီး အသင်းစုချုပ် ဥက္ကဋ္ဌ ဦးထွန်းလှိုင်၊ မြို့နယ်ဦးစီးမှူး ဒေါ်တင်မိုးနွယ်နှင့် ဝန်ထမ်းများ၊ မြို့နယ်အသင်းစု ဥက္ကဋ္ဌ ဦးသိန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ အခြေခံအသင်းဝင်ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက အမှာစကားပြောကြားခဲ့သည်။ ထို့နောက် တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ဥက္ကဋ္ဌ ဦးထွန်းလှိုင်က အမှာစကား ပြောကြားပြီး၊ မြို့နယ်သမဝါယမဦးစီးမှူး ဒေါ်တင်မိုးနွယ် က သမဝါယမ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမြတ်ခွဲဝေစာရင်းများအား ဖတ်ကြားခြင်း၊ မြို့နယ်အသင်းစု ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ ဖတ်ကြားတင်ပြခြင်း၊ အသင်းစာရင်းစစ် အစီရင်ခံစာ ဖတ်ကြားတင်သွင်းခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများနှင့် ရှေ့လုပ်ငန်းစဉ်များအား အသင်းဝင်ကိုယ်စားလှယ်များထံမှ အတည်ပြုချက်ရယူခဲ့ပြီးနောက် Exim Bank အပြေအကြေပေးဆပ်ပြီး တာဝန်ကြေသော အခြေခံသမဝါယမအသင်းများအား အသင်းရန်ပုံငွေများကို ညွှန်ကြားရေးမှူး ဦးထွန်းဇော်ဦးက အသင်းတာဝန်ခံများထံ အသီးသီးပေးအပ်ခဲ့သည်။

၎င်းနောက် အခြေခံအသင်းဖြစ်သည့် သစ်ဆန်းလွင် စိုက်ပျိုးထုတ်လုပ်ရေးအသင်း ဥက္ကဋ္ဌ၏ သမီးဖြစ်သူ ငါးဘာသာဂုဏ်ထူးရရှိသည့်အပေါ် ဂုဏ်ပြုဆုချီးမြှင့်ကာ သဘာပတိက နိဂုံးချုပ်စကားပြောကြားပြီး အစည်းအဝေးအား အောင်မြင်စွာပြီးစီးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၀၉၅)



## မိတ္ထီလာမြို့နယ် ကန်ကြီးကုန်းကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ (ပထမ)အကြိမ် ထုတ်ချေး

**မိတ္ထီလာ အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဆပ်ပြာကျင်း ကျေးရွာအုပ်စု၊ ကန်ကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသောရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ အရင်းမပျောက်လည်ပတ်ရန်ပုံငွေ (ပထမ)အကြိမ် ထုတ်ချေးခြင်းကို ယမန်နေ့က အဆိုပါကျေးရွာ၌ ကျင်းပသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက မြစိမ်းရောင် ကျေးရွာစီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့်ကာလ သတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များအား ရှင်းလင်းပြောကြားပြီး ကျေးရွာမြစိမ်းရောင် စီမံကိန်းအဖွဲ့ဝင်များထံ လည်ပတ်ရန်ပုံငွေကျပ် ၂၉ ဒသမ ၇ သန်းအား လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာမြစိမ်းရောင်စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များက ကန်ကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၈ ဦး ငွေကျပ် ၁၅ ဒသမ ၆သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၇ ဦး ငွေကျပ် ၃ ဒသမ ၈သန်း၊ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၁၉ဦး ငွေကျပ် ၁၀ ဒသမ ၃သန်း၊ စုစုပေါင်း ၅၄ဦး၊ ငွေကျပ် ၂၉ ဒသမ ၇ သန်းအားအသီးသီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၆၉)

o-o-o-o

o-o-o-o-o



## လူထုအခြေပြုဗဟိုဌာနတွင် စာပေချစ်သူများနှင့် ပူးပေါင်း၍ စာဖတ်ဝိုင်း ကျင်းပ

**မန္တလေး အောက်တိုဘာ ၄**

မန္တလေး၊ ချမ်းမြသာစည် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Centre)ခန်းမတွင် စာပေချစ်မြတ်နိုးသူများ (Book Club)နှင့် ပူးပေါင်း၍ စာဖတ်ဝိုင်းကို ယနေ့နံနက် ၁၀ နာရီက ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါ စာဖတ်ဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းက စာဖတ်ဝိုင်း ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီးနောက် စာရေးသူ အောင်ကိုဦး (UMK) ရေးသားထားသည့် "လူငယ်တွေကို လမ်းဖွင့်ပေးပါ" စာအုပ်ကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြရာ စာပေဝါသနာရှင် ဦးမြင့်သိန်းက စာအုပ်တွင်ပါရှိသည့် အားနည်းချက်လား အားသာချက်လား ခေါင်းစဉ်ကို ဦးဆောင်ဆွေးနွေးခဲ့ပြီး တက်ရောက်လာကြသူများက မိမိတို့နှစ်သက်ရာ ခေါင်းစဉ်များအလိုက် ဝိုင်းဝန်းဆွေးနွေးခဲ့သည်။




အဆိုပါ စာဖတ်ဝိုင်းသို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စိမ်းဝင်းနှင့် ဝန်ထမ်းများ၊ (Book Club)အဖွဲ့ဝင်များ၊ စာပေဝါသနာရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

(ချမ်းမြေ့)

## သီတင်းကျွတ်ပိတ်ရက်များတွင် ရန်ကုန်မှ အပန်းဖြေခရီးထွက်လိုသူများ ပုဂံနှင့် ဆက်စပ်ဒေသများသို့ သွားရောက်မှု ပိုမိုများပြားနိုင်

**ရန်ကုန် အောက်တိုဘာ ၄**

ယခုသီတင်းကျွတ် ပိတ်ရက်များတွင် ရန်ကုန်မှ အပန်းဖြေခရီးထွက်လိုသူများက ပုဂံနှင့် ဆက်စပ်ဒေသများသို့ သွားရောက်မှု ပိုမိုများပြားနိုင်ကြောင်း မေးမြန်းထားသည့် အချက်အလက်များအရ သိရသည်။

**စိတ်ဝင်စားမှုများ**

“ပုဂံခရီးစဉ်ကို ဒီသီတင်းကျွတ်ကာလ ရုံးပိတ်ရက်တွေအတွက် ကျွန်မတို့ဆီကနေ တော်တော်အသွားများကြမှာ တွေ့ရတယ်။ စိတ်ဝင်စားမှုလည်း များနေတယ်။ ရန်ကုန်က အများဆုံးသွားတယ်လို့ပြောရမယ်။ ရန်ကုန်ဧည့်သည်တွေသွားကြတယ်။ ပုဂံခရီးစဉ်မှာဆိုရင် ပုဂံအပြင် ပုပ္ပားတောင်မကြီး ဒေသတွေလည်းပါတယ်။ ခရီးသွားတွေ စိတ်ဝင်စားတယ်။ အသွားများကြတယ်”ဟု The Unlock Travels & Tour မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပုဂံဒေသ၌ နာမည်ကြီးဘုရားအဆူဆူများအပြင် မင်းနန္ဒာသူရွာ၊ ပုပ္ပားတောင်ကလပ်၊ အလိုတော်ပြည့်၊ ၄က်ပစ်တောင်၊ ရှင်အရဟံအုတ်ကျောင်းတော်၊ ကန်တော့ပလ္လင်၊ မြစေတီ၊ မနူဟာဘုရား၊ ရာဇကုမာရ်ကျောက်စာ၊ ဂူပြောက်ကြီး၊ ဓမ္မရံကြီး၊ ရွှေဆံတော်၊ အာနန္ဒာ၊ ဗူးဘုရား၊ တုရင်တောင်စွယ်တော်၊ လောကနန္ဒာစွယ်တော်၊ ရွှေစည်းခုံ၊ တာမဏိပြည့်ဘုရား၊ ပြည့် ၅ ပြည့် အပါအဝင် ညနေ နေဝင်ချိန်ကြည့်ရန် Sun Set ကုန်းနှင့် မင်းနန္ဒာသူရွာအစရှိသည့်နေရာများမှာ ခရီးသွားများ စိတ်ဝင်စားကြသည့်နေရာများဖြစ်ကြောင်း သိရသည်။

သီတင်းကျွတ်ကာလအတွင်း တောင်ကြီး၊ အင်းလေး၊ ကလောဘက်တို့တွင် သဘာဝရေဘေးကြောင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်နေကြသည့်အတွက် ပုဂံဒေသသို့ ပိုမိုသွားရောက်ကြခြင်းဖြစ်ကြောင်းလည်း သိရသည်။

“ပုဂံမှာ ရာသီဥတုကလည်း အဆင်ပြေတယ်။ မိုးနည်းဒေသလည်းဖြစ်တော့ အများကြီး မိုးရွာတာလည်းမရှိဘူး။ ရန်ကုန်မှာ ရွာသလောက်တောင် မရှိဘူး၊ ကျွန်မတို့ကတော့ အပတ်စဉ် ထွက်နေကျဆိုတော့ အဆင်ပြေတယ်။ တခြားဒေသထက်စာရင် ပုဂံဒေသကိုတော့ ခရီးသွားတွေက စိတ်ဝင်စားမှုပိုတယ်”ဟု ၎င်းက ပြောသည်။

**Thit Taw**



ပုဂံရှေးဟောင်းဒေသရှိ သဗ္ဗညုဘုရားသို့ ဘုရားဖူးလာရောက်ကြသူများကို တွေ့ရစဉ်။

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

## ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ မန္တလေးနည်းပညာတက္ကသိုလ်၌ ကျောင်းသားများ အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် အောက်တိုဘာ ၁ ရက်က မန္တလေးနည်းပညာတက္ကသိုလ်သို့ ရောက်ရှိပြီး စာမေးပွဲခန်းများအတွင်း ကျောင်းသား ကျောင်းသူများ အင်ဂျင်နီယာဘာသာရပ်အလိုက် အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် မန္တလေးနည်းပညာတက္ကသိုလ်၌ ကျင်းပသည့် အင်ဂျင်နီယာပွဲတော်အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အဖွင့်အမှာစကားပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ တက္ကသိုလ်စာကြည့်တိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ၍ သုတ၊ ရသ စာအုပ်များကို တက္ကသိုလ်တာဝန်ခံ ဒုတိယပါမောက္ခချုပ်ထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တက္ကသိုလ်၏ Master Plan နှင့် ဥပမိရုပ်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အမှန်တကယ် အထောက်အကူပြုနိုင်မည့် အင်ဂျင်နီယာလူငယ်များကို စံနှုန်းများအတိုင်း စဉ်ဆက်မပြတ် ပျိုးထောင်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး



**ဇမ္ဗူသီရိ အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပျဉ်းမနားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ဇမ္ဗူသီရိမြို့နယ်၊ တဲကြီးကုန်းကျေးရွာအုပ်စု၊ တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများမှ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် ပျဉ်းမနားခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါနှင့် တာဝန်ရှိသူများသည် တဲကြီးကုန်းကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ခရိုင်ဦးစီးမှူးက ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တစ်နိုင်တစ်ပိုင် မိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများကို ပိုမိုတိုးချဲ့လုပ်ကိုင်ပြီး ဝင်ငွေများ ပိုမိုတိုးပွားလာစေရန် ကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများပြည့်စုံမှန်ကန်မှုရှိ၊ မရှိစစ်ဆေးခဲ့သည်။

တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာရေးနှစ်မှ ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာရှိ ချေးငွေအောင်မြင်သူ အသင်းသူ၊ အသင်းသား ၁၃၇ ဦးကို ဒသမအကြိမ်မြောက် ရန်ပုံငွေကျပ် ၄၆၈ သိန်းအထိ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးထားနိုင်ခဲ့ကြောင်း သိရသည်။ (ဓပုံ)

**မောင်ခိုင်**

၀-၀-၀-၀-၀-၀-၀

## တစ်ကမ္ဘာလုံးရှိကလေးသူငယ်ဦးရေ နှစ်ဆနီးပါးမျှ အဝလွန်ရောဂါစွဲကပ်လျက်ရှိသည်ဟု ဆို



လူကြီးများ၏ကိုယ်ခန္ဓာကို ပုံမှန်ကိုယ်အလေးချိန်ရှိသည့် ကိုယ်ခန္ဓာ၊ လွန်ကဲသော ကိုယ်အလေးချိန်ရှိသည့် ကိုယ်ခန္ဓာဟူ၍ခွဲခြားပြီး လွန်ကဲသည့် ကိုယ်အလေးချိန်ကို မထိန်းနိုင်တော့ခြင်းကို အဝလွန်ရောဂါဟု သတ်မှတ်ထားရာ ကလေးသူငယ်များတွင်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။

ကလေးသူငယ်များ ပိန်လိုမနေဘဲ ဝဖြိုးနေခြင်းသည် ကျန်းမာသော လက္ခဏာဖြစ်သော်လည်း အဝလွန်ခြင်းကို ရောဂါဟု သတ်မှတ်လေ့ရှိကြသည်။

မကြာသေးမီက အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ် အတ္တလန်တိတ်တက္ကသိုလ် ရှမစ်ဆေးကောလိပ်မှ သုတေသီများ လေ့လာခဲ့ရာ ၁၉၉၀ ပြည့်လွန်နှစ်များနှင့် နှိုင်းယှဉ်ပါက ယနေ့ခေတ်တွင် တစ်ကမ္ဘာလုံးရှိ ကလေးသူငယ်ဦးရေ နှစ်ဆနီးပါးမျှ အဝလွန်ရောဂါစွဲကပ်လျက်ရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဝလွန်ရောဂါကြောင့် ကလေးသူငယ်များ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ လေဖြတ်ရောဂါ၊ အသည်းရောဂါ၊ အိပ်စက်ခြင်းပြဿနာ၊ အဆစ်အမြစ်ရောင်ရောဂါနှင့် ကင်ဆာရောဂါများ ဖြစ်ပွားလာစေနိုင်ကြောင်း သိရသည်။ **(SCI)**



## Lee Hyori တို့ ဇနီးမောင်နှံ သာယာသော အိမ်ထောင်ရေးတည်ဆောက်ထား

ကိုရီးယားအနုပညာလောကတွင် ကြယ်တစ်ပွင့်အဖြစ်တောက်ပခဲ့သည့် လီဟိုရီကသူတို့ ဇနီးမောင်နှံသာယာသော အိမ်ထောင်ရေးကို တည်ဆောက်နိုင်ရန်အတွက် မာန်တက်မှုကို လျှော့ချထားရသည်ဟုပြောကြားခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လီဟိုရီသည် အောင်မြင်မှုများနှင့် မာန်တက်နေချိန် အိမ်ထောင်ပြုခဲ့ပြီး မီဒီယာများ၌လည်းဖော်ပြခံခဲ့ရာမှ အိမ်ထောင်ရေးဖောက်ပြန်မိလျှင် တစ်နိုင်ငံလုံး ဝိုင်းမုန်းမည်ကို စိုးရိမ်နေခဲ့ရသည်ဟု ဆိုသည်။

လီဟိုရီ၏ ခင်ပွန်းကလည်း ဇနီးသည်၏ ချောမောမှုကြောင့် ဘယ်အချိန်ထားသွားမည်လဲဟု နှစ်နှစ်လောက်အထိ စိုးရိမ်နေကာ ဇနီးမောင်နှံနှစ်ဦး သာယာသော အိမ်ထောင်ရေးကို ၁၁ နှစ်တာ ထူထောင်ထားကြသည်။ **(SKY)**

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Andy Lau ကို ဟောင်ကောင်အနုပညာလောက၏ Asia's Heavenly King ဟု သတ်မှတ်ခဲ့ကြ




ဟောင်ကောင်အနုပညာလောကတွင် Asia's Heavenly King ဟု တင်စားခေါ်ဝေါ်ခဲ့ကြသော အန်ဒီလောင်မှာ စွယ်စုံရအနုပညာရှင်တစ်ဦး ဖြစ်သည်။

၁၉၆၁ ခုနှစ် စက်တင်ဘာ ၂၇ ရက် ဟောင်ကောင်ဖွား မင်းသား အန်ဒီလောင်မှာ အသက် ၆၃ နှစ်ပြည့်ပြီဖြစ်ပြီး ၁၉၈၁ ခုနှစ်မှစ၍ အနုပညာလောကသို့ ဝင်ရောက်ခဲ့သည့် အဆိုတော်၊ သရုပ်ဆောင်အဖြစ် သမိုင်းမှတ်တိုင်စိုက်ထားသူ ဖြစ်သည်။

အန်ဒီလောင်မှာ ဂျက်လီ၊ စတီဗင်ချောင်တို့ထက် စီနီယာကျပြီး ၁၉၈၃ ခုနှစ် Boat People ရုပ်ရှင်နှင့် ဟောင်ကောင်အကယ်ဒမီရရှိထားကာ ခြောက်နှစ်အကြာ As Tears Go By ရုပ်ရှင်နှင့် ဒုတိယအကြိမ်ထူးချွန်ဆုရရှိခဲ့သည်။

အန်ဒီလောင် အောင်မြင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားများမှာ ၁၉၈၉ ခုနှစ် God of Gamblers, Casino Raiders, ၁၉၉၆ ခုနှစ် Shanghai Grand, ၁၉၉၈ ခုနှစ် The Conmar, ၂၀၂၁ ခုနှစ်မှ စ၍ ၂၀၂၃ ခုနှစ် The Gold Finger စသည့် ရုပ်ရှင်တို့ဖြစ်ပြီး အာရှ၏ ကောင်းကင်ဘုံနတ်သားတစ်ပါးဟု သတ်မှတ်ထားကြသည်။ **(SKY)**

## Lisa က Global Citizen Festival တွင် ဦးဆောင်ဖျော်ဖြေသူအဖြစ် မြင်တွေ့ရ



နယူးယောက်ခ်မြို့ စင်ထရာပတ်တွင် ကျင်းပမည့် Global Citizen Festival တွင် ထိုင်းလူမျိုး ကေပေါ့ပ်အနုပညာရှင် လီဆာက ဦးဆောင်ဖျော်ဖြေသူအဖြစ် ပါဝင်မည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ပွဲတော်အတွက် လီဆာက Lalisa, Money, Rockstar နှင့် New Woman တို့ကို ဖျော်ဖြေသွားမည်ဖြစ်ပြီး Money ကို သီချင်းသစ်ပုံစံပြောင်းထားကာ နောက်ထပ် သီချင်းသစ်တစ်ပုဒ်ကိုလည်း ချပြမည် ဖြစ်သည်။

လီဆာက ဦးဆောင်ဖျော်ဖြေသူအဖြစ် ယင်းပွဲတွင်မြင်တွေ့ကြရမည်ဖြစ်၍ ပရိသတ်စိတ်လှုပ်ရှားစွာ စောင့်မျှော်နေကြသည်။ **(SKY)**

## Saif Ali Khan ၏ Race 4 အမြင်သစ်နှင့် ရိုက်ကူးထား

ဘောလိဝုဒ်အနုပညာရှင် ဆပ်အလီခန်းနှင့် စတင်ရိုက်ကူးထားသည့် Race ရုပ်ရှင်စတုတ္ထမြောက်ဇာတ်ကားအဖြစ် အမြင်သစ်နှင့် ရိုက်ကူးတင်ဆက်ထားပြီး မကြာမီထွက်ရှိလာမည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါရုပ်ရှင်သုံးဇာတ်ကားကို တစ်စ်ဖလင်မှ ထုတ်လုပ်ထားပြီး ဆပ်အလီခန်းက Race 1နှင့် 2 တွင်ပါဝင်ကာ စလေမန်ခန်းက Race 3 တွင် ပါဝင်ခဲ့ပြီး Race 4 တွင် ဆပ်အလီခန်း ပြန်လည်ပါဝင်မည် ဖြစ်သည်။

ယင်းရုပ်ရှင်အင်တာဗျူးနှင့် ပတ်သက်၍ ပြောကြားခဲ့ရာတွင် ဆပ်အလီခန်းနှင့်အတူ ဆစ်ဟတ်မာဟိုထရာလည်းပါဝင်ကာ အမြင်သစ်နှင့် ရိုက်ကူးထားကြောင်း အပိုင်းတစ်နှင့် နှစ်မှာ လူကြိုက်များခဲ့ပြီး အပိုင်းသုံးမှာ ဝေဖန်ခံရကာ အပိုင်းလေးကို အမြင်သစ်နှင့် ရိုက်ကူးထားသည်ဟု ဆိုသည်။

ဇာတ်ဝင်တေး Allah Duhai Hai မှာ Race ၏ နာမည်ကြီးသီချင်းဖြစ်ခဲ့ပြီး ဝမ်းဒါရုပ်ရှင်အဖွဲ့ဝင်ဟောင်း ဇန်မာလီခ်က ပြန်လည်သီဆိုထားသည်။ **(SKY)**






## ဟောင်ကောင်ဝါရင့်အနုပညာရှင် Rosamund Kwan အနုပညာလောကမှ အနားယူ

ဟောင်ကောင်ဝါရင့်အနုပညာရှင်ဟောင်း ရိုဆာမတ်ကွမ်သည် အနုပညာလောကမှ အနားယူသည်မှာ ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း ပရိသတ်အားပေးနေဆဲဖြစ်ကာ အသက် ၆၂ နှစ်ပြည့်ပြီဖြစ်သည်ဟု ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၁၉၆၂ ခုနှစ်ဖွား ဟောင်ကောင်မင်းသမီး ရိုဆာမတ်ကွမ်သည် ၁၉၈၂ ခုနှစ်မှစတင်၍ အနုပညာလောကသို့ ဝင်ရောက်ခဲ့ပြီး ဂျက်ကီချန်းနှင့်အတူ ၁၉၈၃ ခုနှစ်တွင် Project A, ၁၉၈၇ ခုနှစ်တွင် Project A Park II တို့တွင် လူသိများခဲ့ပြီး Once upon A Time in China နှင့် အောင်မြင်မှုရရှိခဲ့သူ ဖြစ် သည်။

ရိုဆာမတ်ကွမ်သည် အောင်မြင်မှုရရှိနေချိန် ၂၀၀၄ ခုနှစ်၌ စီးပွားရေးလောကထဲ ဝင်ရောက်ခဲ့၍ အနုပညာလောကမှ အနားယူခဲ့သော်လည်း ပရိသတ်များက အားပေးထားဆဲဖြစ်ကာ အသက် ၆၂ နှစ်မွေးနေ့ကို ဂုဏ်ပြုပေးထားကြသည်။ **(SKY)**

## Jacob Elordi ကို Wuthering Heights ဇာတ်ကောင်အဖြစ် ရွေးချယ်မှုအပေါ် ဝေဖန်ထားကြ

အင်္ဂလိပ်စာပေကဏ္ဍတွင် အဆင့်အတန်းမြင့်မားသည့် စာပေအဖြစ်မှတ်ယူဂုဏ်ပြုခံရသည့် Wuthering Heights ဝတ္ထုကို နာမည်ရအမျိုးသမီးဒါရိုက်တာက ဖန်တီးပုံဖော်ထားရာ အဓိကဇာတ်ကောင်နေရာတွင် ဂျက်ကော့အယ်လိုဒီကို ရွေးချယ်ထားမှုအပေါ် ဝေဖန်သံများ ထွက်ရှိခဲ့သည်ဟု ဟောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်ကို ၂၀၀၉ ခုနှစ်တွင် တွန်ဟတ်ဒီ၊ ၂၀၁၁ ခုနှစ်တွင် ဂျိမ်းစ်ဟောက်ဆန် တို့ ပါဝင်ရိုက်ကူးခဲ့ပြီး ၂၀၂၄ ခုနှစ်တွင် ဂျက်ကော့အယ်လိုဒီကို ရွေးချယ်မှုအပေါ် ဝေဖန်ထားကြ၍ ယူကေအခြေစိုက် The Telegraph သတင်းစာ အင်တာဗျူးတွင် ဆရာမကြီးအယ်မလီဘရွန်ဒီ၏ ဝတ္ထုရေးသားခြင်းသင်တန်းမှ ညွှန်ကြားရေးမှူး မိုက်ကယ်ဆက်ဝပ်က အောက်ပါအတိုင်း ပြောကြားခဲ့သည်။



ယင်းရုပ်ရှင်နှင့်ပတ်သက်၍ ဇာတ်ကောင်ကို လူဖြူများနှင့် ရိုက်ကူးထားကာ လက်ရှိ အချိန်တွင် အနုပညာနှင့်ယဉ်ကျေးမှုဆိုင်ရာများ တင်ပြလာရာ၌ တာဝန်ယူမှု၊ တာဝန်ခံမှုမှာ လွန်ခဲ့သော နှစ်၂၀ နှင့် ကွာခြားသွားပြီဟူ၍ ဖြစ်သည့်အတွက် သစ်လွင်သော အမြင်နှင့် မြင်တွေ့ကြရလိမ့်မည်ဟု ဆိုသည်။ **(SKY)**



## တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် စင်ကာပူသို့ လာရောက်လည်ပတ်မည်ဟု ဆို

**စင်ကာပူ အောက်တိုဘာ ၄**

အောက်တိုဘာ ၇ ရက်တွင် တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ် စင်ကာပူနိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

၂၀၂၅ ခုနှစ်တွင် ကျရောက်မည့် တောင်ကိုရီးယား-စင်ကာပူ သံတမန်ဆက်ဆံရေး နှစ်(၅၀) ပြည့် အထိမ်းအမှတ်အဖြစ် စင်ကာပူသမ္မတ သာမန်ရှန်မူဂါရတ်နမ်က ၎င်းကို ဖိတ်ကြားခဲ့ခြင်းဖြစ်သည်။

တောင်ကိုရီးယားသမ္မတ ယွန်းဆွတ်ယူးလ်သည် ဖိလစ်ပိုင်နိုင်ငံသို့ ဦးစွာသွားရောက်မည်ဖြစ်ပြီး ထို့မှတစ်ဆင့် စင်ကာပူနိုင်ငံသို့ ရောက်ရှိလာမည်။ ထို့မှတစ်ဆင့် အာဆီယံအစည်းအဝေးတက်ရောက်ရန် လာအိုနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးသို့ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာ တက်ရောက်မည်

**ဒေလီ အောက်တိုဘာ ၄**

ပါကစ္စတန်နိုင်ငံတွင် လက်ခံကျင်းပမည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးသို့ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ဂျိုင်ရှန်ကာ တက်ရောက်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး ပထမဆုံးအကြိမ် ပါကစ္စတန်နိုင်ငံသို့ သွားရောက်မည့် အစီအစဉ်ဖြစ်သည်။

ကက်ရှ်မီးယားအရေးနှင့် ပတ်သက်၍ ဆက်ဆံရေးတင်းမာနေသော အိန္ဒိယနှင့် ပါကစ္စတန် နှစ်နိုင်ငံသည် ၂၀၁၇ ခုနှစ်က တရုတ်နှင့် ရုရှား ဦးဆောင်သော ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့သို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**



## တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် ငါးမျိုးစိတ်အသစ်အား ရှာဖွေတွေ့ရှိ

**ဟန်ကျိုး အောက်တိုဘာ ၄**

တရုတ်နိုင်ငံ အရှေ့ပိုင်းတွင် Opsariichthys iridescens ဟု အမည်ရသော အရောင်အသွေးလှပသည့် ငါးမျိုးစိတ်အသစ်တစ်မျိုးအား တရုတ်သုတေသနပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။



သုတေသနလုပ်ဆောင်မှုမှ ရှာဖွေတွေ့ရှိချက်များက အဆိုပါ ငါးမျိုးစိတ်သည် မျိုးစုတူငါးများနှင့် သွင်ပြင်လက္ခဏာချင်း ကွာခြားပုံကို ဖော်ပြထားကာ ယင်းသွင်ပြင်လက္ခဏာများအား မျိုးဗီဇကိုအခြေပြု၍ မျိုးစိတ်အလိုက် ဆင့်ကဲပြောင်းလဲမှုဆိုင်ရာ လေ့လာချက်အရ အခိုင်အမာသက်သေပြထားပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာ ပညာရပ်ဆိုင်ရာ ဂျာနယ်ဖြစ်သည့် Zookeys က လတ်တလော ထုတ်ဝေခဲ့သည့် ဂျာနယ်တစ်စောင်၌ အဆိုပါ လေ့လာတွေ့ရှိမှုကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းသုတေသနလုပ်ဆောင်မှုအား Shanghai Ocean တက္ကသိုလ်မှ ပါမောက္ခတစ်ဦးဖြစ်သူ ရန်ကျင်းချွန်းက ဦးဆောင်ခဲ့ကာ ကျဲ့ကျန်းပြည်နယ် သစ်တောသယံဇာတ စောင့်ကြည့်ရေးစင်တာနှင့် အခြားအဖွဲ့အစည်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ မျိုးစိတ်အသစ်အား ၁၄ ရာခိုင်နှုန်းကျော် မျိုးဗီဇကွဲပြားမှုရှိသည့် ၄င်းနှင့်နီးစပ်သော မျိုးစိတ်များနှင့် ခွဲခြားသိရှိနိုင်ကြောင်း သုတေသနလေ့လာတွေ့ရှိချက်များအရ သိရသည်။

ယင်းမျိုးစိတ်အသစ်အား ကျဲ့ကျန်းပြည်နယ်ရှိ Qiantang နှင့် Oujiang မြစ်ကြောင်းစနစ်များ၊ Qiantang မြစ်အနီးရှိ ယန်ဇီမြစ်အောက်ပိုင်းမှ မြစ်လက်တက်များအတွင်း တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရေစီးသန်သော မြစ်များ၊ ချောင်းများထဲတွင် နေထိုင်ကျက်စားသည့် Opsariichthys iridescens အပါအဝင် မျိုးစိတ်အသစ်အချို့အား ရှာဖွေတွေ့ရှိခြင်းက ၎င်းဒေသရှိ ရေချိုငါးမျိုးစိတ်များ၏ အမျိုးထွေပြားမှုအား လျှော့တွက်ထားဆဲဖြစ်ကြောင်းကို ညွှန်ပြနေသည်ဟု ရန်က ဆိုသည်။

ချောင်းအတွင်း နေထိုင်သော ထိုငါးမျိုးစိတ်များသည် ရေကြက်နှင့် အခြားသတ္တဝါများအတွက် အစာအရင်းအမြစ်များဖြစ်ကာ အာဟာရစက်ဝန်းနှင့် မြစ်ရေသန့်စင်မှုအတွက်လည်း အထောက်အကူပြုလျက်ရှိကြောင်း ရန်က ပြောကြားခဲ့သည်။

ယင်းငါးမျိုးစိတ်များအား ကာကွယ်စောင့်ရှောက်ခြင်းက အဏ္ဏဝါဂေဟစနစ်များ၏ ဟန်ချက်ညီမှုအား ထိန်းသိမ်းရာတွင် အလွန်အရေးပါသကဲ့သို့ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းရာတွင် အထောက်အကူပြုလျက်ရှိကာ ဂေဟခရီးသွားလုပ်ငန်းနှင့် ငါးမွေးမြူရေးလုပ်ငန်း စဉ်ဆက်မပြတ်တိုးတက်ဖြစ်ထွန်းရေးကိုလည်း အားပေးလျက်ရှိကြောင်း ရန်က ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**



အမျိုးသားနေ့ အားလပ်ရက်တွင် တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွီကျိုးပြည်နယ် အန်ရှန်းမြို့ရှိ ရှေးရပ်ကွက်အတွင်း သွားလာလည်ပတ်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ **Mon**

STOP AIDS

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ

## မက်စ်ပလင်တင် ဝှက်ထားသည့် ရွှေဇီးကွက်ရုပ် ၃၁ နှစ်ကြာပြီးနောက် ရှာဖွေတွေ့ရှိခဲ့ပြီဟု ဆို

**ပဲရစ် အောက်တိုဘာ ၄**

ပြင်သစ်စာရေးဆရာ မက်စ်ဗလင်တင် ဝှက်ထားသည့် ရွှေဇီးကွက်ရုပ်ကို ၃၁ နှစ်ကြာပြီးနောက် ရှာဖွေသူတစ်ဦးက တွေ့ရှိခဲ့ပြီဟု ပုံဆွဲဆရာ မီးရှယ်ဘက်ကာကိုယ်တိုင် အောက်တိုဘာ ၃ ရက်က စာတိုဖြင့် အတည်ပြုလိုက်ပြီဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ရွှေ၊ ငွေနှင့် စိန် စသော ရတနာပစ္စည်းများဖြင့် ပုံဖော်ထုလုပ်ထားသော ဇီးကွက်ရုပ်၏ လက်ရှိကာလတန်ဖိုးမှာ စတာလင်ပေါင် ၁၂၆၀၀၀ ခန့် ရှိမည်ဟု ခန့်မှန်းရသည်။

စာရေးဆရာ မက်စ်ဗလင်က ၁၉၉၃ ခုနှစ်တွင် ရွှေဇီးကွက်ဟု အမည်ရသော စာအုပ်ရေးသားထုတ်ဝေခဲ့ပြီး ယင်းစာအုပ်ထဲ၌ ၎င်းဝှက်ထားသည့် ရွှေဇီးကွက်ကို ရှာဖွေလိုသူများအတွက် ပဟေဠိ ၁၁ ခုပေးထားခဲ့သည်။

၂၀၀၉ ခုနှစ်တွင် ၎င်းကွယ်လွန်ပြီးနောက် ထိုစာအုပ်၏ သရုပ်ဖော်ပုံဆွဲဆရာ မီးရှယ်ဘက်ကာက ရွှေဇီးကွက်ရှာပုံတော်အစီအစဉ်ကို ဆက်လက်တာဝန်ယူခဲ့သည်။

အဆိုပါ ပဟေဠိဆန်သော ရွှေဇီးကွက်ရှာပုံတော်အစီအစဉ် ပြီးဆုံးသွားပြီဆိုသော်လည်း မည်သူက မည်သည့်နေရာမှ ရှာဖွေတွေ့ရှိခဲ့သည်ကို သိလိုသဖြင့် ပုံဆွဲဆရာ မီးရှယ်ဘက်ကာကို သတင်းထောက်များ ဆက်သွယ်ခဲ့ရာ ၎င်း၏ဖုန်းပိတ်ထားကြောင်း သိရသည်။ **Mon**



## ဗီယက်နမ်နိုင်ငံရှိ မြန်နှုန်းမြင့် မီးရထားလမ်းများကို ပြည်ပငွေကြေးထောက်ပံ့မှုမပါဘဲ ဖောက်လုပ်ရန်စီစဉ်

**ဟနွိုင်း အောက်တိုဘာ ၄**

ဗီယက်နမ်နိုင်ငံရှိ မြန်နှုန်းမြင့် မီးရထားလမ်းများကို ပြည်ပငွေကြေးထောက်ပံ့မှုမပါဘဲ ဖောက်လုပ်ရန် စီစဉ်ထားကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ပြည်ပချေးငွေနှင့် အခြားအထောက်အပံ့များ ရယူခြင်းမရှိဘဲ ၁၅၄၁ ကီလိုမီတာ ရှည်လျားသည့် မြန်နှုန်းမြင့်မီးရထားလမ်းကို ဖောက်လုပ်ရန် နိုင်ငံတော်ဘဏ္ဍာငွေထဲမှ ထုတ်ယူသုံးစွဲသွားမည်ဟု ဆိုသည်။

ဟနွိုင်းမြို့တော်မှ တောင်ပိုင်းဒေသရှိ ဟိုချီမင်းမြို့တော်အထိ ဖောက်လုပ်မည့် မြန်နှုန်းမြင့်မီးရထားလမ်းစီမံကိန်းကို ၂၀၃၅ ခုနှစ်တွင် ပြီးစီးအောင် အကောင်အထည်ဖော်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၆၇ ဘီလီယံကုန်ကျမည်ဟု တွက်ချက်ခန့်မှန်းထားသည်။



လွန်ခဲ့သော နှစ်ပေါင်း ၂၀ အတွင်း ဗီယက်နမ်နိုင်ငံတွင် ကျေးလက်လမ်းများ ဖောက်လုပ်ခြင်းအပါအဝင် အခြေခံအဆောက်အအုံဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်အသုံးစရိတ်၏ ၂၀ ရာခိုင်နှုန်းခန့်ကို ကျခံသုံးစွဲခဲ့ကြောင်း ကမ္ဘာ့ဘဏ်က အစီရင်ခံသည်။

၁၂ နှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်မည်ဆိုသော အဆိုပါ မြန်နှုန်းမြင့်မီးရထားလမ်းစီမံကိန်းအတွက် အကယ်၍ လိုအပ်လာပါက တရုတ်၊ ဂျပန်၊ ဂျာမနီနှင့် အခြားနိုင်ငံများမှ ချေးငွေရယူကောင်းရယူရလိမ့်မည်ဟု ဘဏ္ဍာရေးကျွမ်းကျင်သူ ငုယင်ဟန်းက သုံးသပ်သည်။ **Mon**

## ပလတ်စတစ်အိတ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် ၄က်ပျောဖက်များဖြန့်ဝေ

**မင်းလှ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများပလတ်စတစ်အိတ်လျှော့ချသုံးစွဲစေရန် ရည်ရွယ်၍ ဇေယျာသီရိဈေးတွင် ဈေးရောင်း၊ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ကြွပ်ကြွပ်အိတ်အစား၊ ၄က်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များအသုံးပြုနိုင်ရေး အသိပညာပေးလက်ကမ်းစာစောင်နှင့် ၄က်ပျောဖက်များဖြန့်ဝေပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဆောင်ရွက်သည်။



အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဝန်ထမ်းများ၊ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှဝန်ထမ်းများ ပူးပေါင်း၍ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ဈေးဝယ်ယူရာတွင် လက်ဆွဲခြင်းများ၊ထည့်စရာယူဆောင်လာရန် အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်းနှင့် ၄က်ပျောဖက်များ အခမဲ့ဖြန့်ဝေပေးခဲ့ပြီး ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ် အသုံးပြုမှုလျှော့ချရေး အသိပညာပေးပြောကြားခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)



## မီးဘေးလုံခြုံရေးနှင့် ဈေးလုံခြုံစေရေးအတွက် ကြပ်မတ်စစ်ဆေး

**ပွင့်ဖြူ အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မစည်ပင်သာယာဈေးကြီးအား မီးဘေးလုံခြုံစေရန်နှင့် ဈေးလုံခြုံမှုရှိစေရန် ရည်ရွယ်၍ အောက်တိုဘာ ၂ ရက် ညနေ ၆ နာရီခွဲက မြို့မစည်ပင်သာယာဈေးကြီးအတွင်း ၊ အပြင်ရှိ ဈေးဆိုင်ခန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးလင်းမင်းညွန့်၏ ကြီးကြပ်မှုဖြင့် ဈေးတာဝန်ခံနှင့် ဝန်ထမ်းများက ဈေးကော်မတီအဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး ဈေးအတွင်း၊ အပြင်ရှိ ဈေးဆိုင်ခန်းများအလိုက် မီးဘေးလုံခြုံစိတ်ချရမှုရှိ၊ မရှိနှင့် ဈေးလုံခြုံမှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဈေးဆိုင်ခန်းများတွင် တပ်ဆင်အသုံးပြုလျက်ရှိသော လျှပ်စစ်မီးများနှင့်ပတ်သက်ပြီး ဈေးမီးဘေးလုံခြုံရေးအတွက် မလိုအပ်ဘဲ လျှပ်စစ်မီး သုံးစွဲခြင်းများကို မပြုလုပ်ကြရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ) (၄၄၅)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၄**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၂၄ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ၁၆လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၄၇လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး၊ လူသုံးကုန်ပစ္စည်း တစ်မျိုးကိုလည်းကောင်း၊ စက်တင်ဘာ ၃၀ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်သွင်းကုန်၌ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ယာဉ်အပိုပစ္စည်းတစ်မျိုးကိုလည်းကောင်း၊ ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။





ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျွဲတပ်ဆုံစစ်ဆေးရေးစခန်း၌ တာချီလိတ်မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း လေးမျိုး၊ လူသုံးကုန် ၁၀ မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊Hino Profia Truck တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်နှင့် သရက်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၁၀ စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## HIV/AIDS ရောဂါနှင့် မူးယစ်ဆေးဝါးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲ ကျင်းပ



**ဝမ်းတွင်း အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် အခြေခံပညာဦးစီးဌာန ခရိုင်ပညာရေးမှူးရုံးနှင့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသုံးစွဲမှုပပျောက်ရေးအသင်းခွဲ မိတ္ထီလာခရိုင်တို့ ပူးပေါင်းကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် HIV/AIDS ရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၈ရက် နံနက် ၉နာရီက ဝမ်းတွင်းမြို့ ဘုရားစု အခြေခံပညာအထက်တန်းကျောင်းခွဲတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ကျောင်းအုပ်ဆရာကြီး ဦးကျော်ထူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အသင်းခွဲဥက္ကဋ္ဌ ဦးထွန်းရီက မူးယစ်ဆေးဝါးသမိုင်းကြောင်းနှင့် ဆိုးကျိုးအန္တရာယ်အကြောင်းကိုလည်းကောင်း၊ အသင်းခွဲအမှုဆောင် ဦးဇော်ထွန်းဝင်းက HIV/AIDS ရောဂါအကြောင်းကိုလည်းကောင်း အသိပညာပေးဟောပြောကြကြောင်း သိရသည်။

(အပေါ်ပုံ) (၀၇၀)

## တရားမဝင် ကျွန်း၊ သစ်မာနှင့် အခြား စုစုပေါင်း (၅၂ ဒသမ ၀၂၀၄) တန် ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၄**

နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ စက်တင်ဘာ ၂၃ ရက်မှ ၂၉ ရက်အထိ တရားမဝင် ကျွန်း (၁၆ ဒသမ ၃၉၄၄)တန်၊ သစ်မာ (၃ ဒသမ ၅၁၈၂)တန်နှင့် အခြား (၃၂ ဒသမ ၁၀၇၈)တန် စုစုပေါင်း (၅၂ ဒသမ ၀၂၀၄) တန်၊ ယာဉ်၊ ယန္တရား ခုနစ်စီးနှင့် တရားခံ ၁၅ ဦး ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိမှုများအနက် အများဆုံး ဖမ်းဆီးရမိမှုမှာ စက်တင်ဘာ ၂၆ ရက်က မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ရန်ကုန်-မန္တလေးကားလမ်း မိုင်တိုင်အမှတ် ၁၅၄/၇ အနီးမှ တရားမဝင် ပျဉ်းကတိုး၊ သဒီ၊ သစ်စေး၊ ဖန်ခါး၊ နဘဲ ခွဲသား စုစုပေါင်း ၁၅၇ ချောင်း (၁၂ ဒသမ ၆၈၁၈) တန်နှင့် ၁၂ ဘီး ယာဉ် တစ်စီးကို ပိုင်ရှင်မဲ့ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင် သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြု စောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System-CMRS) အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)



မူးယစ်ဟူက တိုက်ဖျက်ကြ ။

# ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ သုံးဦး သေဆုံးခဲ့ပြီး ရှစ်ဦး ထိခိုက်ဒဏ်ရာများရရှိ

နေပြည်တော်  အောက်တိုဘာ ၄

PDF အမည်ခံအကြမ်းဖက်သမားများသည် ပြည်သူလူထု အေးချမ်းစွာ နေထိုင်နေသော မြို့၊ ရွာများကို တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် Drop Bomb များ၊ လက်နက်ကြီးများဖြင့် ရက်စက်ယုတ်မာစွာ ပစ်ခတ်တိုက်ခိုက်မှုများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လျက်ရှိပြီး ယနေ့တွင်လည်း စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို Drop Bomb များဖြင့် ယုတ်မာရက်စက်စွာ ပစ်ချတိုက်ခိုက်ခဲ့သဖြင့် အပြစ်မဲ့ပြည်သူ သုံးဦးသေဆုံးပြီး ရှစ်ဦး ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

**Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်**

ဖြစ်စဉ်မှာ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာအား PDF အမည်ခံ အကြမ်းဖက်သမားများက ကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၂၀၀ ခန့်အမြင့်မှနေ၍ Drone ဖြင့် Drop Bomb များ လာရောက်ပစ်ချတိုက်ခိုက်ခဲ့သဖြင့် ကျေးရွာအတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်နေကြသူ အပြစ်မဲ့ပြည်သူ အမျိုးသား နှစ်ဦး၊ အမျိုးသမီး တစ်ဦး သေဆုံးခဲ့ပြီး အမျိုးသား ငါးဦး၊ အမျိုးသမီး သုံးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ထိခိုက်ဒဏ်ရာရရှိသူများအား ကျေးရွာဆေးပေးခန်း၌ ဆေးကုသမှုခံယူစေလျက်ရှိသည်။

PDF အမည်ခံ အကြမ်းဖက်သမားများ၏ ယခုကဲ့သို့ အေးချမ်းစွာ နေထိုင်နေကြသော ဒေသခံပြည်သူများနေထိုင်ရာကျေးရွာများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့သည့်လုပ်ရပ်သည် ဂျီနီဗာကွန်ဗန်းရှင်းနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး အဆိုပါ အကြမ်းဖက်သမားများကို ဒေသခံပြည်သူများက ရွံ့ရှာစက်ဆုပ် မုန်းတီးလျက်ရှိကြောင်းနှင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို လုံးဝလက်ခံနိုင်ခြင်းမရှိသည့်အတွက် တပ်မတော်၏ အကြမ်းဖက်ချေမှုန်းရေးစစ်ဆင်မှုတွင် အားတက်သရော ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ကန့်ဘလူမြို့နယ် အောင်သာယာကျေးရွာကို PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb ပစ်ချတိုက်ခိုက်ခဲ့သည့်နေရာပြပုံ။

# ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်တွေမှာ သန်းခေါင်စာရင်းကောက်ယူစဉ် ညှိစာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား ဖြန့်ဝေ

နေပြည်တော်  အောက်တိုဘာ ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် မြို့ပေါ်ရပ်ကွက်များတွင် သန်းခေါင်စာရင်းကောက်ယူစဉ် ညှိစာရင်းမတိုင်သူများကိုပါ ဖမ်းဆီးသွားကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများ ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၂၀၂၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုတွင် စာရင်းစစ်/စာရင်းကောက်များသည် ပြဋ္ဌာန်းထားသည့် သန်းခေါင်စာရင်းကောက်ယူမှု အချက်အလက်များအတိုင်း ကောက်ယူလျက်ရှိပြီး မသက်ဆိုင်သည့် အခြားအချက်အလက်များကို စစ်ဆေးခြင်း၊ ကောက်ယူခြင်းမရှိဘဲ ဖမ်းဆီးခြင်းများလည်းမရှိကြောင်း၊ ပြည်သူများအနေဖြင့်လည်း အမျိုးသားရေးတာဝန်တစ်ရပ် ဖြစ်သည့်အတွက် စာရင်းအချက်အလက်များ ကောက်ယူရာတွင် မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်လက်တွဲဆောင်ရွက်နေမှုအပေါ် တရားမဝင်ပြည်ဖျက်မီဒီယာများက မနာလို မရှုဆိတ်ဖြင့် သတင်းတု၊ သတင်းမှားကို ပြည်သူလူထုအကြား ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရသည်။

သတင်းစဉ်




# ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်

နေပြည်တော်  အောက်တိုဘာ ၄

အရွယ်မရောက်သေးသည့် ကလေးသူငယ်များကို အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား အလုပ်နှင့်ထောင်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်နေ ယားမီးအဲက တစ်မြို့နယ်တည်းနေ မ---၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၁၃/၂၀၂၃နှစ်၊ မ---၊ ၁၃/၂၀၂၃ နှစ်၊ မ---၊ ၁၂/၂၀၂၃ နှစ်၊ မ---၊ ၆/၂၀၂၃ နှစ် တို့အား အထူးဒေသ(၂)ဟိုတောင်းမြို့ရှိသူဌေးအိမ်တွင် နေထိုင်ရမည်၊ တရုတ်စာသင်ကျောင်းတွင် ကျောင်းထားပေးမည်၊ ဖုန်းဝယ်ပေးမည်၊ လိုချင်တာဝယ်ပေးမည်ဟု ပြောဆိုစည်းရုံးကာ အဓမ္မအလုပ်ခိုင်းစေရန် ရောင်းစားခဲ့ကြပြီး ရရှိသော ငွေကြေးအကျိုးအမြတ်များကို ခေါင်းပုံဖြတ်ရယူခဲ့ကြသဖြင့် ကျိုင်းတုံမြို့မရဲစခန်း (ပ)၁၇၄/၂၀၂၃၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ-၁၈(က)/၄၄ ဖြင့် အမှုရေးဖွင့်တရားစွဲတင်ခဲ့သည်။ ကျိုင်းတုံခရိုင်တရားရုံးမှ အောက်တိုဘာ ၂ ရက်တွင် တရားခံ ယားမီးအဲအား လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၅ အရ အလုပ်နှင့်ထောင်ဒဏ် ၁၂ နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော်  အောက်တိုဘာ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Aye Aye Soe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပါတ်ကုန်းပျော်ဘွယ်ရပ်ကွက်နေ အေးအေးစိုးအား နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ချမ်းအေးသာစံမြို့နယ် အမှတ်(၃)နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ လုပ်ငန်းသစ် ၈ ခု ခွင့်ပြုခဲ့သည့်အနက် EV ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်မည့် လုပ်ငန်းသစ်ပါဝင်

**မန္တလေး အောက်တိုဘာ ၄**

မြန်မာနိုင်ငံ၊ ရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)မှ လုပ်ငန်းသစ် ၈ ခုကို ပြည်တွင်း၌ ရင်းနှီးမြှုပ်နှံခွင့်ပြုခဲ့ရာ ၎င်းတို့အနက် EV ယာဉ်အမျိုးမျိုးတပ်ဆင်ထုတ်လုပ်မည့် လုပ်ငန်းသစ်တစ်ခုလည်း ပါဝင်သည်။

အဆိုပါ ရင်းနှီးမြှုပ်နှံကြမည့် လုပ်ငန်းများမှ ရင်းနှီးမြှုပ်နှံမည့် ပမာဏမှာ အမေရိကန်ဒေါ်လာ ၉ ဒသမ ၂၅၅ သန်းနှင့် ငွေကျပ် သန်းပေါင်း ၄၆၀၀၀ ရှိသည်ဟု ဆိုသည်။

"MIC အစည်းအဝေး ၈/၂၀၂၄ နဲ့ EV(လျှပ်စစ်သုံး)ယာဉ်အမျိုးမျိုး ထုတ်လုပ်တပ်ဆင်မယ့်လုပ်ငန်းသစ်တစ်ခု ထပ်မံခွင့်ပြုပေးလိုက်တာပါ။ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုတွေကို ခွင့်ပြုပေးနေပြီး အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိကြမှာဖြစ်ပါတယ်"ဟု ယင်းဌာနမှ တာဝန်ရှိသူက ပြောသည်။

MIC အစည်းအဝေးမှတ်တမ်းများအရ ဆောင်ရွက်ဆဲ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မ,တည်ငွေရင်းတိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံကြမည်ဖြစ်သည်။

"EV ယာဉ်နဲ့ ဆက်စပ်ပစ္စည်းတွေ အားသွင်းစနစ်ဆိုင်ရာပစ္စည်းတွေကို ပြည်ပက တင်သွင်းမှုနဲ့ ပြည်တွင်းထုတ်လုပ်မှု၊ ဝယ်ယူရောင်းချမှုတွေမှာ ကုန်သွယ်လုပ်ငန်းခွန်လွတ်ခွင့်ပေးထားတယ်။ EV ယာဉ်တင်သွင်းတဲ့ ကုမ္ပဏီပေါင်း ၁၀၀ ကျော် ခွင့်ပြုထားပြီးဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

EV ယာဉ်များ တင်သွင်းရောက်ရှိလာပြီး ကညနတွင် ဩဂုတ်လကုန်ထိ ယာဉ်မှတ်ပုံတင်စာရင်းများအရ နှစ်ဘီးတပ်၊ သုံးဘီးယာဉ်နှင့် EV လူစီးယာဉ် အစီးရေအပါအဝင် စုစုပေါင်း ၁၃၈၆၃ စီးရှိသည့်အနက် နှစ်ဘီးတပ် (EV ဆိုင်ကယ်)အစီးရေ ၈၅၆၉ စီး၊ သုံးဘီးယာဉ် ၄၀၂ စီး၊ ကုန်တင် (ဝန်ပေါ့)၂၁ စီးနှင့် EV လူစီးယာဉ် ၄၈၇၁ စီးဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

(မန္တလေးနေ့စဉ်-၉)





# ချင်းတွင်းမြစ်ကူးတံတား(ထမ်းသီ) တည်ဆောက်မှု(၆၆)ရာခိုင်နှုန်း ပြီးစီး

**ဟုမ္မလင်း အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်နှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့-ပန်ဆပ်-ဆွမ္မရာမြို့ လမ်းပေါ်တွင် ချင်းတွင်းမြစ်ဖြတ် တည်ဆောက်ထားသော ချင်းတွင်းမြစ်ကူးတံတား (ထမ်းသီ)တည်ဆောက်မှု(၆၆) ရာခိုင်နှုန်းပြီးစီးနေပြီ ဖြစ်သည်။

ချင်းတွင်းမြစ်ကူးတံတား (ထမ်းသီ)သည် သံကူကွန်ကရစ်တံတားအမျိုးအစားဖြစ်ပြီး တံတားအရှည် ၈၀၁ မီတာ၊ အကျယ် ၉ ဒသမ ၄ မီတာ၊ တံတားအခန်းပေါင်း ၁၅ ခန်း ၊ ရေလမ်းကင်းလွတ် အမြင့် ပေ ၄၀(HFL)ဖြင့် တည်ဆောက်နေခြင်း ဖြစ်သည်။

ဟုမ္မလင်းမြို့နယ်၊ ချင်းတွင်းမြစ်ကူးတံတား(ထမ်းသီ) တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ စက်တင်ဘာ ၃၀ ရက်က စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

"စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်နဲ့ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝနဲ့ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာ အထောက်အကူပြုမယ့် တံတားကြီးတစ်စင်း ဖြစ်ပါတယ်။ ဒေသထုတ်ကုန်တွေ လွယ်ကူမြန်ဆန်စွာ သယ်ယူပို့ဆောင်နိုင်မှာဖြစ်သလို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကိုပါ ဖွံ့ဖြိုးတိုးတက်စေမှာ ဖြစ်ပါတယ်။ တည်ဆောက်ရေးလုပ်ငန်းတွေကို သတ်မှတ်ကာလပြီးစီးရေးနဲ့ သတ်မှတ်စံချိန်စံညွှန်းများနဲ့အညီ အရည်အသွေးကောင်းမွန်အောင် တည်ဆောက်သွားဖို့လိုအပ်ပါတယ်။ ဘဏ္ဍာနှစ်အလိုက် ရရှိတဲ့ရန်ပုံငွေတွေကို စနစ်တကျ သုံးစွဲသွားကြဖို့နဲ့ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးကို သတိပြုဆောင်ရွက်စေလိုပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က ပြောသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ (၂)မှ အင်ဂျင်နီယာမှူးက ချင်းတွင်းမြစ်ကူးတံတား(ထမ်းသီ) တည်ဆောက်ရေးလုပ်ငန်းများ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဟုမ္မလင်းခရိုင် လမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးက ချင်းတွင်းမြစ်ကူးတံတား(ထမ်းသီ) ပင်းမရွာဘက်ခြမ်းနှင့် ထမ်းသီရွာဘက်ခြမ်းတို့တွင် ချဉ်းကပ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးက တည်ဆောက်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဖြည့်စွက်တင်ပြဆွေးနွေးကြကြောင်း သိရသည်။ (အပေါ်ပုံ) (၃၉၄)

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများ ထုတ်ချေးပေး

**ကျောက်ဆည် အောက်တိုဘာ ၄**

နိုင်ငံ့စီးပွားအခြေအနေကောင်းများ ဖန်တီးပေးမှသာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ဟူသော နိုင်ငံတော် အကြီးအကဲ၏လမ်းညွှန်ချက်အရ နိုင်ငံတော်မှနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေများထူထောင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ ငါးမွေးမြူရေးနှင့် သမဝါယမအသင်းများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေ ထုတ်ချေးပေးလျက်ရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ယနေ့ နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ပြည်သူများလူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေများ ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားတွင် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ဦးအောင်ဇော်ဦးက ကျောက်ဆည်မြို့နယ်၌ ယခင်နှစ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် စိုက်ပျိုးရေးကဏ္ဍမှ တောင်သူ ၈၀၁ ဦးအား ငွေကျပ် ၈၂၀သန်း၊ မွေးမြူရေးကဏ္ဍမှ မွေးမြူရေး လုပ်ကိုင်သူ ၅၄ ဦးအား ငွေကျပ် ၃၅၉သန်း၊ ငါးလုပ်ငန်းကဏ္ဍမှ ငါးမွေးမြူသူ ၁၀ ဦးအား ငွေကျပ် ၂၃၅သန်း၊ သမဝါယမကဏ္ဍမှ သမဝါယမအသင်းသား ၃၀၆ ဦးအား ငွေကျပ် ၃၀၉ ဒသမ ၆သန်း ထုတ်ချေးပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက မွေးမြူရေးလုပ်ငန်းလုပ်သူ ၂၂ ဦးအား ငွေကျပ် ၁၅၉သန်းကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးခင်မောင်ဝင်းက ငါးမွေးမြူရေးလုပ်ကိုင်သူ နှစ်ဦးအား ငွေကျပ် ၆၅ သန်းကိုလည်းကောင်း၊ ကော်မတီအတွင်းရေးမှူး ဦးမြင့်အောင်က စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၀ ဦးအား ငွေကျပ် ၁၂၀သန်းကိုလည်းကောင်း၊ ကော်မတီအဖွဲ့ဝင် ဦးကျော်ထွန်းဦးက သမဝါယမအသင်းသား ၂၂၃ ဦးအား ငွေကျပ် ၂၂၆သန်း အသီးသီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(၄၈၅)



# သာစည်မြို့နယ် ရေဘေးသင့်အိမ်ထောင်စုများအား စားသောက်ကုန်နှင့်အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့

**သာစည် အောက်တိုဘာ ၄**

မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း(ဗဟို)နှင့် မန္တလေးဟိုတယ်ဇုန်လုပ်ငန်းရှင်များ မန္တလေး၊ ချမ်းအေးသာစံမြို့နယ်နေ မဟာမုနိဂေါပကအဖွဲ့ဝင် ဦးအောင်အောင်+ဒေါ်လှလှဝေ(ဂရိတ်စိန်တိုက်)မိသားစုတို့မှ အောက်တိုဘာ ၃ ရက်က မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် မောင်းမဆည်ကျေးရွာ ရေဘေးသင့်အိမ်ထောင်စု ၃၆၅ စုအား ဆန်နှစ်ပြည်၊ စောင်၊ ခြင်ထောင်၊ အိပ်ရာခင်း၊ ဆပ်ပြာနှင့် ငွေကျပ် ၅၀၀၀ စီကိုလည်းကောင်း၊ သာစည်မြို့နယ် မောင်းမဆည်ကျေးရွာ ဆရာတော်အားသက်န်းနှင့် ဝတ္ထုငွေကျပ် ငါးသိန်းခုနစ်သောင်း လှူဖွယ်ပစ္စည်းများအား ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း(မန္တလေးဇုန်)ဥက္ကဋ္ဌ ဦးမြင့်အောင်နှင့်အဖွဲ့ဝင်များက ကျေးရွာအရောက်ကိုယ်တိုင်လက်ရောက်ပေးအပ်လှူဒါန်းခဲ့သည်။(အပေါ်ပုံ)(၀၄၅)

# ဧရာဝတီမြစ်မြေနုကျွန်းကျေးရွာများတွင် ဆောင်းသီးနှံများ စတင်စိုက်ပျိုး

**မန္တလေး အောက်တိုဘာ ၄**

ဧရာဝတီမြစ်မြေနုကျွန်းကျေးရွာများတွင် စက်တင်ဘာလကုန်တွင် မြစ်ရေကျဆင်းမှုနှင့်အတူ အောက်တိုဘာလဆန်းပိုင်းတွင် ဆောင်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိသည်။

ဆောင်းစိုက်သီးနှံများကို စက်တင်ဘာလနောက်ဆုံးသီတင်းပတ်တွင် ရေထပ်မံမြင့်တက်လာခြင်းမရှိတော့သဖြင့် မြေပြုပြင်ကာ တောင်သူများ စတင်စိုက်ပျိုးလျက်ရှိကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် ဈေးကွက်ဈေးကောင်းရရှိပြီး ဒေသနှင့်ကိုက်ညီဖြစ်ထွန်းသည့် မြေပဲနှင့် ကန်စွန်းဥကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် စက်သုံးဆီဈေးများဈေးမြင့်တက်သောကြောင့် မြေပြုပြင်စရိတ်နှင့် စိုက်ပျိုးခများ ယခင်နှစ်ထက် ပိုမိုကုန်ကျနေကြောင်း ပုသိမ်ကြီးမြို့နယ် သံဘိုကျွန်းကျေးရွာမှ တောင်သူ ဦးခင်မောင်ရင်က မန္တလေးနေ့စဉ်ကို ပြောသည်။ (အောက်ပုံ)

"တော်သလင်းလမှာ ဧရာဝတီမြစ်ရေ ထပ်မံမတက်တော့ဘဲ ရေကျဆင်းသွားတာနဲ့ မြေပြင်ထွန်ရေးထယ်ရေးဝင်ပြီး သီတင်းကျွတ်လဆန်းတာနဲ့ စတင်စိုက်ပျိုးနေပါပြီ။ ဒီနှစ်က ထွန်ထယ်စက်မောင်းခတွေ ဈေးတက်ပါတယ်။ စိုက်ပျိုးခလုပ်သားစရိတ်လည်း ဈေးတက်တော့ မြေပဲတစ်ဧက ငွေကျပ် ၆၀၀၀၀၀ ကျော်၊ ကန်စွန်းဥတစ်ဧက ငွေကျပ် ၁၂၀၀၀၀၀ ကျော် ကုန်ကျမှာပါ။ ဒီရက်ပိုင်းမြေပဲတော့ စတင်စိုက်ပျိုးနေပါပြီ။ မြေပဲနဲ့ ကန်စွန်းဥမစိုက်တဲ့ သဲများတဲ့ မြေတွေမှာတော့ ပဲထောပတ်၊ ပဲနီကြားနဲ့ ဟင်းသီးဟင်းရွက်တွေကို သီးညှပ်စိုက်ပျိုးပါတယ်"ဟု ၎င်းက ပြောသည်။



ယခုနှစ်တွင် ဈေးကွက်ဈေးကောင်းရရှိသည့် မြေပဲနှင့် ကန်စွန်းဥကို အောက်တိုဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလလယ်တွင် စတင်ရိတ်သိမ်းမည်ဖြစ်သည်။ ကျွန်းစိုက်ခင်းများသောကြောင့် မြေပဲတစ်ဧကလျှင် မြေပဲတင်း ၆၀ ကျော် ထွက်ရှိပြီး ကန်စွန်းဥ တစ်ဧကလျှင် ပိဿာချိန် ၆၀၀၀-၈၀၀၀ ခန့် ထွက်ရှိသလို ဈေးကွက်ဈေးကောင်းရရှိသဖြင့် ကျွန်းစိုက်ခင်းစိုက်တောင်သူများ ယခင်နှစ်ကဝင်ငွေကောင်းခဲ့ကြောင်း သိရသည်။

ရွှေမန်း

# ပုဂံရှေးဟောင်းသုတေသနပြတိုက်အတွင်းရှိ အေဒီ ၁၂ ရာစု ၊ ပုဂံခေတ် အဝတ်ပန်းချီကို လေ့လာနိုင်



**ညောင်ဦး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း လေ့လာရေး ဘုရားဖူးလာရောက်ခဲ့ပါက ပုဂံရှေးဟောင်းသုတေသနပြတိုက်ရှိ အေဒီ ၁၂ ရာစု ၊ ပုဂံခေတ်၏ တစ်ခုတည်းသော အဝတ်ပန်းချီကို လေ့လာနိုင်ကြောင်း ရှေးဟောင်း သုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ) တာဝန်ရှိသူများထံက သိရသည်။

ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ပြသထားသည့် အေဒီ ၁၂ ရာစု အဝတ်ပန်းချီကားကို ရှေးဟောင်းသုတေသနဌာန၊ ကွင်းဆင်းလေ့လာသုတေသနပြု စာရင်းကောက်အဖွဲ့မှ ဝက်ကြီးအင်းရွာတောင်ဘက် တောင်ပုံလောကနာထဘုရား၊ ဘုရားအမှတ်(၃၁၅)အတွင်းမှ ၁၉၈၄ ခုနှစ်၊ မတ် ၂ ရက် တွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။**(အပေါ်ပုံ)**

ထိုအဝတ်ပန်းချီကားကို အီတလီနိုင်ငံရှိ ရှေးဟောင်းပစ္စည်းများ ပြုပြင်ထိန်းသိမ်းရေးဗဟိုဌာနသို့ ၁၉၈၆ ခုနှစ် အောက်တိုဘာလတွင် ပေးပို့ခဲ့ပြီး ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့ရာ ၁၉၈၇ ခုနှစ် ဒီဇင်ဘာလတွင် ပြုပြင်ထိန်းသိမ်းမှုပြီးမြောက်ခဲ့သည်။ အဝတ်ပန်းချီကားပါ ဇာတ်တော်မှာ ဗုဒ္ဓဖြစ်တော်စဉ် (၅၅၀)ဇာတ်တော်မှ ဇာတ်နိပါတ်(၉၆)တေလပတ္တဇာတ်ဖြစ်ပြီး ဇာတ်တော်အကျဉ်းချုပ်မှာ ဗာရာဏသီမင်း၏ သားများအနက် ဘုရားလောင်းမင်းသားသည် အခြားမင်းသား(၅)ပါးနှင့်အတူ ဂန္ဓာရတိုင်းသို့ ၇ ရက် ခရီးသွားရောက်ခဲ့ရာ လမ်းခရီးတွင် ဘီလူးမတို့၏ အသံ၊ အဆင်း၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ဖြင့် ဖြားယောင်းလှည့်စားမှုများကို ကျော်လွှန်ခဲ့ပြီး မိမိ၏စိတ်ကိုထိန်းသိမ်းနိုင်ခြင်းကြောင့် နောက်ဆုံးတွင် ထီးနန်းစည်းစိမ်ချမ်းသာကို ရရှိခဲ့ပြီး အခြားမင်းသား ၅ ပါးမှာမူ အာရုံငါးပါးနောက်သို့ လိုက်ခဲ့ခြင်းကြောင့် ဘီလူးမတို့၏ ကိုက်စားခြင်းကိုခံရပြီး သေဆုံးသွားသည့် ဇာတ်တော်ကိုအကျဉ်းဖော်ပြထားသည်ကို လေ့လာတွေ့ရှိနိုင်သည်။ ပုဂံရှေးဟောင်းသုတေသနပြတိုက်ကြီးထဲတွင် အထူးပင်မပြခန်း၊ ပုဂံခေတ်ဗိသုကာပြခန်း၊ ပုဂံခေတ်လက်မှုအနုပညာပြခန်း၊ ပုဂံခေတ်နန်းမြို့ရိုးပြခန်း၊ ပုဂံခေတ်စာပေပြခန်း၊ ပုဂံခေတ်လူနေမှုဘဝပြခန်း၊ ပုဂံခေတ်ဗုဒ္ဓအနုပညာပြခန်း၊ ပုဂံခေတ်ဗုဒ္ဓဆင်းတုတော်များပြခန်း၊ ပုဂံခေတ်ဘုရားပုထိုးပန်းချီပြခန်းနှင့် ပုဂံခေတ်နံရံဆေးရေး ပန်းချီပြခန်းစသည်ဖြင့် ပြခန်း ၁၀ ခန်းခင်းကျင်းပြသထားကြောင်း သိရသည်။

(၄၈၁)

# မန္တလေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်း ဝန်ထမ်းများနှင့်တွေ့ဆုံ၊ စားသောက်ကုန်များ ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနဝန်ထမ်းများနှင့် တွေ့ဆုံပွဲ စားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက အောက်မြေသာစံမြို့နယ် ၈၂လမ်းနှင့်၂၅လမ်းထောင့်ရှိ တိုင်းရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဦးစီးမှူးညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က အမှာစကားပြောကြားပြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးမှ ဝန်ထမ်းရေးရာများ ဆွေးနွေးပြီး ဝန်ထမ်းများ၏တင်ပြချက်များကို တိုင်းဒေသကြီး ဦးစီးမှူးက ဖြည့်ဆည်းဆောင်ရွက်သည်။

ထို့နောက် ဝန်ထမ်းများ သက်သာချောင်ချိရေးနှင့် စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန် ဝန်ထမ်းများအား ဆီ ၁ ပိဿာနှင့်ကြက်ဥ ၁၀ လုံး စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။



**(အပေါ်ပုံ) (၀၄၅)**

# နိုင်ငံခြားမျိုးစေ့များ ဈေးကြီးမြင့်ခြင်းအပေါ် ပြည်တွင်းမျိုးစေ့များကို တောင်သူများသုံးစွဲလျက်ရှိ

ပြည်တွင်းသို့ နိုင်ငံခြားမျိုးစေ့များ ဝင်ရောက်လာမှုအပေါ် တောင်သူများအနေဖြင့် မျိုးစေ့ဈေးကြီးမြင့်ခြင်းအပေါ်တွင် ပြည်တွင်းမျိုးစေ့များကို သုံးစွဲနေရကြောင်း တောင်သူများထံက သိရသည်။

ပြည်တွင်း၌ စပါး၊ ပဲ၊ နှမ်း၊ မြေပဲနှင့် ကြက်သွန်၊ ပဲမျိုးစုံတို့မှာ ပြည်တွင်းမျိုးများဖြင့် လည်ပတ်အဆင်ပြေနေသော်လည်း ပြောင်း၊ ငရုတ်၊ ခါကျက်ဥ၊ ဖရဲ၊ သခွားနှင့် စားဖိုဆောင်သီးနှံဟင်းသီးဟင်းရွက်များမှာ နိုင်ငံခြားမျိုးများကို ဝယ်ယူစိုက်ပျိုးခြင်းဖြစ်ရာ လက်ရှိအချိန်တွင် အသစ်ဝင်ရောက်သည့် မျိုးစေ့မရှိသဖြင့် မျိုးဈေးကွက်တွင် ဈေးကြီးမြင့်မှုများနှင့် ဝယ်ယူရရှိရန် အခက်ခဲရှိကြောင်း ဖရဲ၊ သခွားစိုက်တောင်သူတစ်ဦးက ပြောသည်။

"လက်ရှိပြည်တွင်းကို မျိုးစေ့တင်သွင်းဖို့ အခက်ခဲရှိနေပါတယ်။ တချို့လည်း ထိုင်းနိုင်ငံမှတစ်ဆင့် တင်သွင်းပြီး ဈေးကြီးမြင့်နေတာမျိုးဖြစ်နေပါတယ်။ ပြည်တွင်းမျိုးစေ့ကုမ္ပဏီများမှာလည်း မျိုးစေ့ပြတ်လပ်မှုများရှိနေပါတယ်။ ကျွန်တော်တို့ ဆောင်းရာသီစိုက်အတွက် ဖရဲ၊ သခွားမျိုး၊ ပြောင်း၊ ငရုတ်သီးမျိုးတွေ တရားဝင်တင်သွင်းလို့မရပါဘူး။ ဒီတော့ တောင်သူတွေက တရားဝင်ကုမ္ပဏီတွေကနေ မျိုးစေ့ဝယ်မရတော့ ဈေးကွက်ထဲမှာရှိတဲ့ မျိုးတွေကိုပဲ စွန့်စားဝယ်ယူ စိုက်ပျိုးနေရပါတယ်။ စပါးနှင့် ပဲမျိုးစုံတွေကတော့ နိုင်ငံခြားကနေ မတင်သွင်းရသော်လည်း ငရုတ်မျိုးကစ အခြားဟင်းသီးဟင်းရွက်တွေက နိုင်ငံခြားက တင်သွင်းတဲ့ မျိုးစေ့တွေကို စိုက်ပျိုးနေတာပါ"ဟု ၎င်းက ပြောသည်။

ပြည်ပပို့ကုန်တန်းဝင် ဖရဲ၊ သခွားမျိုးများမှာ တရားဝင်တင်သွင်းသည့် ကုမ္ပဏီများမှ ဝယ်ယူပြီး စိုက်ပျိုးနိုင်မှသာ အရည်အသွေးကောင်း အသီးများရရှိပြီး ပို့ကုန်တန်းဝင်အောင် တင်ပို့နိုင်ခြင်းရှိမည် ဖြစ်သည်။

အလားတူ ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့နေသည့် ငရုတ်မျိုးများမှာလည်း ပြည်ပမှ တင်သွင်းစိုက်ပျိုးနေခြင်းဖြစ်ရာ လက်ရှိအချိန်တွင် မျိုးဈေးကြီးမြင့်ခြင်းနှင့် မျိုးအရည်အသွေးမမှန်ခြင်းများကို တောင်သူများ ကြုံတွေ့နေရသည်။

ပြည်တွင်းပြောင်းစိုက်ပျိုးမှုမှာလည်း လက်ရှိအချိန်တွင် ရာသီဥတုအခြေအနေများကြောင့် ပြောင်းစိုက်ပျိုးရာ ဒေသများတွင် မျိုးစေ့အခက်အခဲ၊ စိုက်ပျိုးစရိတ်ကြီးမြင့်မှုများ၊ စက်သုံးဆီဈေးကြီးမြင့်မှုများကြောင့် ပြောင်းစိုက်ဧကများ လျော့ကျလျက်ရှိသည်။

နိုင်ငံခြားငွေသုံးစွဲတင်သွင်းမှုတွင် မျိုးစေ့များ တင်သွင်းမှုကို ဦးစားပေးစာရင်းတွင် မပါရှိသောကြောင့် ပြည်တွင်းမျိုးစေ့ကုမ္ပဏီများမှ တရားဝင်တင်သွင်းနိုင်ခြင်းမရှိသဖြင့် မျိုးစေ့ကြီးမြင့်ခြင်းနှင့် မျိုးစေ့ပြတ်လပ်မှုများ ရှိနေကြောင်း မျိုးစေ့ဈေးကွက်မန်နေဂျာတစ်ဦးက ပြောသည်။

**(အောက်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**





# ပြည်တွင်းသကြားစက်အချို့ မလည်ပတ်နိုင်သည့် အခြေအနေများကြောင့် သကြားဖြူဈေး မြင့်တက်လာ

ပြည်တွင်းသကြားစက်အချို့ မလည်ပတ်နိုင်သည့်အခြေအနေများကြောင့် ပို့ကုန်တန်းဝင် သကြားဖြူဈေး အနည်းငယ်မြင့်တက်လာကြောင်း သကြားကုန်သည်များထံက သိရသည်။

မြန်မာနိုင်ငံ၏ ကြံရာသီမှာ ဒီဇင်ဘာလတွင် စတင် ကြိတ်ဝါးပြီး မတ်လကုန်တွင် ကြံရာသီကုန်ဆုံးရန် နှစ်လခန့်သာလိုတော့သည့် အချိန်တွင် ပြည်တွင်းသကြားစက်ကြီးနှစ်လုံးမှာ မလည်ပတ်နိုင်သည့် အခြေအနေများကြောင့် ပြည်တွင်းသကြားဈေး အနည်းငယ်မြင့်တက်လာခြင်း ဖြစ်သည်။

"ကြံရာသီရောက်ဖို့က နှစ်လလောက်ပဲ လိုတော့တာပါ။ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ ငွေရည်ပုလဲသကြားစက်နှင့် မိုင်းရယ်သကြားစက်တို့မှာ အခြေအနေအကြောင်းကြောင်းကြောင့် စက်ရုံမလည်ပတ်နိုင်ခြင်းကြောင့် ပြည်တွင်းမှာ ပို့ကုန်တန်းဝင် သကြားဖြူဈေးက အနည်းငယ်မြင့်တက်လာတာပါ။ ပြည်တွင်းသုံး အရည်အသွေးရှိ သကြားကတော့လက်ကျန်အများကြီးရှိပြီး ဈေးငြိမ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းက သကြားတွေလည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲကြောင့် ဈေးကွက်ထဲမဝင်ရောက်နိုင်သေးပါဘူး"ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းဌေးက ပြောသည်။

ရှမ်းပြည်နယ်အတွင်းရှိ သကြားစက်ရုံနှစ်ရုံမှ ထွက်ရှိသည့် သကြားပမာဏမှာ တစ်နိုင်ငံလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ထွက်ရှိသဖြင့် ပြည်တွင်းသကြားထွက်နှုန်း ကျဆင်းနိုင်သည့်အခြေအနေများကြောင့် ပြည်တွင်းသကြားဈေး အနည်းငယ်တက်ရိပ်ပြလာခြင်းဖြစ်ကြောင်း သကြားကုန်သည်များက သုံးသပ်ထားသည်။

ပြည်တွင်းသကြားဈေးနှုန်းမှာ ကြံရာသီကုန်ဆုံးသည့် ဧပြီလကတည်းက ဈေးအတက်အကျ အနည်းငယ်ဖြင့် ဈေးတည်ငြိမ်လျက်ရှိသည်။ မန္တလေး သကြားဈေးကွက်တွင် ဩဂုတ်နှင့် စက်တင်ဘာလကတည်းက ဈေးနှုန်းအပြောင်းအလဲမရှိဘဲ တည်ငြိမ်နေသည့် ပေါင်းသကြား တစ်ပိဿာလျှင် ငွေကျပ် ၄၇၀၀-၄၈၀၀ သာ ပေါက်ဈေးရှိနေပြီး အောက်တိုဘာလဆန်း ၃ ရက်တွင် တစ်ပိဿာလျှင် ငွေကျပ် ၄၉၀၀ ပေါက်ဈေး ဖြစ်လာသည်။ ခါသကြားတစ်ပိဿာလျှင် ငွေကျပ် ၃၉၀၀-၄၀၀၀၊ ပွက်သား တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀-၃၄၀၀ ပေါက်ဈေးဖြစ်လာပြီး သကြားအမျိုးအစားအလိုက် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ခန့် ဈေးမြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် သကြားစက်ရုံနယ်မြေအလိုက် ကြံစိုက်ခင်းများကို ပေါင်ရှင်းခြင်း၊ ပေါင်လုံးခြင်း၊ မြေဩဇာဖြည့်ကျွေးခြင်းများကို တောင်သူများ ဆောင်ရွက်လျက်ရှိသည်။

ပြီးခဲ့သည့် ကြံရာသီက မြန်မာနိုင်ငံတစ်ဝန်းမှ သကြားတန်ချိန် ၁၀ သိန်းကျော် ထွက်ရှိခဲ့ကာ ပြည်ပသို့ တန်ချိန် တစ်သိန်းကျော်သာ တင်ပို့နိုင်ခဲ့ပြီး လက်ရှိအချိန်တွင် ပြည်တွင်း လက်ကျန် သကြားပမာဏများ ပိုလျှံနေသဖြင့် ပြည်တွင်းသကြားဈေးတည်ငြိမ်နေကြောင်း သိရသည်။

**ရွှေမန်း**

# မြို့ပြရေပေးရေးမှ ရေလေလွင့်ဆုံးရှုံးမှု မရှိရေး စည်းကမ်းရှိရှိသုံးစွဲပေး

မြို့ပြလူနေမှုစနစ်၏ ကဏ္ဍအသီးသီးတွင် ရေပေးဝေဖြန့်ဖြူးရေးစနစ်မှာ မရှိမဖြစ်လိုအပ်ပါသည်။ တစ်ချိန်က ရပ်ကွက်အတွင်းရှိ ရေတွင်းများမှလည်းကောင်း၊ မြစ်ချောင်းအင်းများမှလည်းကောင်း နည်းလမ်းအသွယ်သွယ်ဖြင့် ရယူကြရသည်။ တိုးတက်ပြောင်းလဲလာသော ခေတ်နှင့်အညီ လူနေမှုစနစ်တွင် အိမ်ပြင်ထွက်ရန် မလိုတော့ဘဲ သောက်ရေ၊ သုံးရေ အလွယ်တကူရရှိနေကြပြီဖြစ်သည်။ ထိုရေကို အလေအလွင့်မရှိအောင် စည်းကမ်းရှိစွာ သုံးစွဲရမည် ဖြစ်သည်။

မန္တလေးမြို့ရေပေးဝေဖြန့်ဖြူးရေးနောက်ခံသမိုင်းအရ ၁၉၃၅ ခုနှစ်က စက်ရေတွင်း(၄)တွင်းဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၆၂ခုနှစ်တွင် စက်ရေတွင်း (၁၂)တွင်းထိ တိုးချဲ့ခဲ့သည်။ ထိုစက်ရေတွင်းများမှာ သက်တမ်းကြာမြင့်လာ၍ ရေပေးစနစ်ချို့ယွင်းလာသဖြင့် ၁၉၇၂ ခုနှစ်တွင် ဖျက်သိမ်းခဲ့သည်။ ၁၉၅၃ ခုနှစ်မှ စတင်ကာ တစ်မြို့လုံးရေပေးဝေရေး ဖြစ်နိုင်ခြေစမ်းရှိ၊ မရှိလေ့လာဆန်းစစ်သည့်လုပ်ငန်းများကို ပြည်ပအဖွဲ့အစည်းများနှင့် ဆောင်ရွက်ခဲ့သည်ဟု သိရသည်။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီသည် ရေနှင့်သန့်ရှင်းမှုဌာနမှ ရေပေးရေးနှင့် ရေရရှိရေးစီမံကိန်းများဖြင့် ဆောင်ရွက်လျက်ကြောင်း တွေ့ရသည်။

### မန္တလေးမြို့ ရေသုံးစွဲမှု

မန္တလေးမြို့ အကျယ်အဝန်းသည် စတုရန်းမိုင်ပေါင်း ၁၂၁ ဒသမ ၅၀ ရှိ၍ လူဦးရေအားဖြင့် ၁ ဒသမ ၇ သန်းခန့် နေထိုင်ကြသည်။မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ စီမံခန့်ခွဲမှုဧရိယာတွင် အောင်မြေသာစံ၊ ချမ်းအေးသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်၊ ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်ဟူ၍ မြို့နယ်(၆)ခုရှိသည်။ ထိုမြို့နယ်များမှ ပြည်သူများအား သောက်ရေ၊ သုံးရေရရှိရေးအတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနက ဆောင်ရွက်ပေးရသည်။

ရေဖြန့်ဖြူးပေးနိုင်ရန် မြေအောက်ရေ (Ground Water)နှင့် မြေပေါ်ရေ (Surface Water) ဟူ၍ အရင်းအမြစ်(၂)ခုမှ ရယူကာ တစ်ရက်လျှင် ရေဂါလန်ပေါင်း ၄၂သန်းခန့် ဖြန့်ဖြူးပေးဝေလျက်ရှိသည်။ မြေအောက်ရေဂါလန် ၃၁ ဒသမ ၇၅ သန်း(၇၅ ဒသမ ၆ ရာခိုင်နှုန်း)နှင့် မြေပေါ်ရေဂါလန် ၁၀ ဒသမ ၂၅ သန်း(၂၄ ဒသမ ၄ ရာခိုင်နှုန်း)၊ စုစုပေါင်း ရေဂါလန် ၄၂ သန်းဖြစ်သည်။ လာမည့်ကာလတွင် မြေအောက်ရေ ၃၀ ရာခိုင်နှုန်းနှင့် မြေပေါ်ရေ ၇၀ ရာခိုင်နှုန်းအသုံးပြုရန် ရည်မှန်းထားပြီး မြေပေါ်ရေကို ပိုမိုအသုံးပြုရေးအတွက် အရည်အသွေးကောင်းသော ဒုဋ္ဌဝတီမြစ်ရေကို သန့်စင်အသုံးပြုမည်ဟု သိရသည်။

"နိုင်ငံတကာ စံချိန်စံညွှန်းတွေအရ မြေအောက်ရေကို လျှော့ချထုတ်ယူဖို့ ပိုမိုတွန်းအားပေးတာကြောင့် မြေပေါ်ရေကို အဓိကထားသန့်စင်ပြီး ဖြန့်ဖြူးပေးဖို့ပါ။ ဒါကြောင့် မန္တလေးမြို့ ပတ်ဝန်းကျင်က ရေအရင်းအမြစ်တွေဖြစ်တဲ့ ဧရာဝတီမြစ်၊ ဒုဋ္ဌဝတီမြစ်နဲ့ဆည်တော်ကြီးဆည်ရေကို သန့်စင်မယ်။ မြို့ပြရဲ့ ရေလိုအပ်ချက်နဲ့သောက်သုံးရေပိုမိုရရှိဖို့ မြစ်ရေတင်စီမံကိန်းတွေ အကောင်အထည်ဖော်နေပါတယ်"ဟု ရေနှင့် သန့်ရှင်းမှုဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောပါသည်။

### ရေ-လေလွင့်ဆုံးရှုံးမှု

ကျယ်ဝန်းလာသော မြို့ပြဧရိယာနှင့် တိုးပွားလာသော လူဦးရေအရ သောက်ရေ၊ သုံးရေ လုံလောက်အောင် ဖြည့်ဆည်းပေးရန်မှာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရေနှင့်သန့်ရှင်းမှုဌာနက အစီအမံများဆောင်ရွက်နေသကဲ့သို့ ရေ-လေလွင့်ဆုံးရှုံးမှု (Non-Revenue Water)မရှိရန် လွန်စွာအရေးကြီးသည်။ အခြားသော ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း ရေ-လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်း (Non Revenue Water)ကို တတ်နိုင်သမျှ အနည်းဆုံးဖြစ်အောင် ဆောင်ရွက်နေကြသည်။

NRW(Non-Revenue Water) ဆိုသည်မှာ ရေထုတ်လုပ်ဖြန့်ဖြူးလိုက်သည့် ပမာဏနှင့် အခွန်ပြန်လည် ကောက်ခံရရှိသော ရေပမာဏတို့၏ ခြားနားချက်ရာခိုင်နှုန်းဖြစ်သည်။ ရေထုတ်လုပ်ဖြန့်ဖြူးသည့် ပမာဏဆိုသည်မှာ ရေတွန်းစက်ရုံကြီးများ၊ စက်ရေတွင်းများနှင့် ရေသန့်စင်စက်ရုံကြီးများမှ နေ့စဉ်ထုတ်လုပ်ဖြန့်ဝေပေးနေသော ရေပမာဏဖြစ်သည်။ ရေ-လေလွင့်ဆုံးရှုံးမှုဖြစ်ပေါ်စေသော အဓိက(၃)ချက်မှာ (က)ရေဖိုးရေခ မရရှိသော ရေသုံးစွဲမှု (Unauthorized Bill Consumptions)၊ (ခ)စီးပွားရေးအရဆုံးရှုံးမှု(Commercial Losses )(Apparent Losses)၊ (ဂ)လက်တွေ့ဆုံးရှုံးမှု (Real Losses )( Physical Losses) တို့ဖြစ်သည်။

### ရေဖိုးရေခမရ၍ ဆုံးရှုံးမှု

ရေဖိုးရေခ မရရှိသော ရေသုံးစွဲမှုမှာ ရေဖိုးရေခ မရသော မီတာဖြင့် သုံးစွဲမှုနှင့် ရေဖိုးရေခ မရရှိသော မီတာမဲ့သုံးစွဲမှု ဖြစ်သည်။ ရေဖိုးရေခ မရသော မီတာဖြင့်သုံးစွဲမှုမှာ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာ




အဆောက်အအုံများ၊ ဘာသာရေးအဖွဲ့အစည်း အဆောက်အအုံများတွင် ရေဖြန့်ဝေပေးရာ၌ ရေမီတာတပ်ဆင်ထားသော်လည်း ရေခွန်ရေခကောက်ခံ၍ မရခြင်းမှာ ရေဖိုးရေခမရသော မီတာဖြင့် သုံးစွဲခြင်းဖြစ်သည်။

ရေဖိုးရေခ မရသော မီတာမဲ့သုံးစွဲမှုမှာ အချို့သော စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဘာသာရေးအဖွဲ့အစည်းများသို့ ရေဖြန့်ဝေပေးထားသော်လည်း ရေမီတာတပ်ဆင်ပေးထားခြင်း မရှိမှုများ၊ အများပြည်သူအပန်းဖြေသည့် နေရာများ၊ ပန်းခြံများ၊ လမ်းလယ်ကျွန်းမှ သစ်ပင်ပန်းပင်များအား ရေလောင်း၊ ရေဖျန်းခြင်း၊ လိုအပ်ချက်ရှိလာသဖြင့် မီးသတ်ဌာနများမှ ရေသုံးစွဲရာက ရေခွန်ရေခပြန်လည်မရရှိခြင်းကို ဆိုသည်။

### စီးပွားရေးအရ ရေဆုံးရှုံးမှု

စီးပွားရေးအရ ရေဆုံးရှုံးမှုဖြစ်စေသော အကြောင်းမှာ တရားမဝင် ခိုးယူသုံးစွဲခြင်းမှန်ကန်တိကျမှုမရှိသော ရေမီတာများတပ်ဆင်အသုံးပြုခြင်း၊ ရေမီတာများသက်တမ်းကြာမြင့်ခြင်း၊ မသမာသော နည်းလမ်းဖြင့် ရေမီတာပျက်စီးစေရန် ပြုလုပ်ခြင်း၊ ရေမီတာမှ ကိန်းဂဏန်းယူနစ်များကို မှားယွင်းဖတ်ရှုကောက်ခံခြင်း၊ ပုံမှန်နှုန်းထားဖြင့် ရေခွန်ကောက်ခံခြင်းနှင့် ရေမီတာအခွန်အခအချက်အလက်များ စာရင်းပြုစုရာတွင် မှားယွင်းခြင်းတို့ ဖြစ်သည်။

### လက်တွေ့ဆုံးရှုံးမှု

ဖြစ်ပေါ်စေသည့် အဓိကအကြောင်းမှာ ပင်မရေပို့ ပိုက်လိုင်းများတွင် ရေပိုက်ပေါက်ခြင်း၊ ရေလှောင်ကန်များ၊ ရေသန့်စင်စနစ်များတွင် ရေလျှံခြင်း၊ ရေစိမ့်ပေါက်ခြင်းနှင့် နေအိမ်များသို့ သွယ်တန်းသည့် ရေပိုက်များ ပေါက်နေခြင်းတို့ ဖြစ်သည်။

မန္တလေးမြို့ ရေပေးရေးစနစ်တွင် ရေ-လေလွင့်ဆုံးရှုံးမှုရာခိုင်နှုန်းကို အခြားနိုင်ငံများကဲ့သို့ လေ့လာဆန်းစစ်၍ တတ်နိုင်သမျှလျှော့ချရန် လိုအပ်သည်။ မန္တလေးမြို့ ရေပေးရေးစနစ်တွင် ရေနှင့်သန့်ရှင်းမှုဌာနမှ ရေထုတ်လုပ် ဖြန့်ဖြူးပေးပြီး အခွန်ဌာနမှ ရေခွန်များကောက်ခံသည်။ ၎င်းဌာန(၂)ခု၏ အချက်အလက်များဖြင့် လေ့လာဆန်းစစ်လျှင် ရေ-လေလွင့်ဆုံးရှုံးမှုဖြစ်ပေါ်စေသည့် ယေဘုယျအကြောင်းတရားများကို တွေ့ရသည်။

### တွေ့ရှိသုံးသပ်ချက်

တရားမဝင် ခိုးယူသုံးစွဲခြင်း၊ မှန်ကန်မှုမရှိသော ရေမီတာများ တပ်ဆင်အသုံးပြုခြင်း(သို့မဟုတ်) ရေမီတာများ သက်တမ်းကြာမြင့်ခြင်း၊ ပျက်စီးမှုတို့ကြောင့် သုံးစွဲသည့် ရေမီတာယူနစ်များ မရရှိခြင်း၊ ရေခွန်ရေခများကို ပုံမှန်နှုန်းထားသတ်မှတ်ကောက်ခံခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ရေခွန်ပေးဆောင်ရန် ရှောင်တိမ်းခြင်းကြောင့် ရေမီတာအကြွေးကျန်များ ရှိလာခြင်း၊ သက်တမ်းကြာ မမှန်ကန်သော ရေမီတာများကို လဲလှယ်သုံးစွဲရန် သုံးစွဲသူများဘက်က အလေးထားဆောင်ရွက်မှုမရှိ၍ ရေခွန်ရေခ မရရှိခြင်း၊ ပင်မရေပို့ပိုက်လိုင်းများ၊ နေအိမ်သွယ်တန်းပိုက်လိုင်းများမှာ နှစ်ကာလကြာမြင့်ခြင်းနှင့်ဆောက်လုပ်ရေးလုပ်ငန်းခွင်များ၊ မြေတူးလုပ်ငန်းများကြောင့် ထိခိုက်မိ၍ ပျက်စီးခြင်းတို့ တွေ့ရသည်။

ထို့အပြင်ရေယိုပေါက်များကို ကာလကြာမြင့်မှ သတိပြုမိချိန်တွင် ယင်းကာလတစ်လျှောက် ရေ-လေလွင့်ဆုံးရှုံးခြင်း၊ ရပ်ကွက်၊ မြို့နယ်အလိုက် (District Meter Area ) များသတ်မှတ်၍ Flow Meter များ၊ Gate Valve များတပ်ဆင်ထားရှိမှု အားနည်းနေသောကြောင့် လေ့လာဆန်းစစ်မှုများ လုပ်ဆောင်ရန် အခက်အခဲရှိခြင်း၊ ရေပိုက်ပေါက်ပြင်ဆင်သည့်ကာလအတွင်း ရေဖြန့်ဝေမှုစနစ်ကို ရပ်နားရသဖြင့် မသက်ဆိုင်သော နေရာများတွင် ရေပြတ်လပ်မှုဖြစ်ခြင်းတို့လည်း ပါဝင်သည်။

### ပူးပေါင်းဆောင်ရွက်

ရေသုံးစွဲသူအချို့သည် ရေမီတာယူနစ်လျော့နည်းအောင် ပြင်ပမှ ရေပိုက်ဆက်သူများနှင့် ပူးပေါင်းပြီး ပြုပြင်သုံးစွဲကြသည်။ ၎င်းမှာ တရားမဝင်ပြုလုပ်ခြင်းဖြစ်၍ အခွန်အခနှင့် သုံးစွဲမှုပမာဏ မကိုက်ညီခြင်းဖြင့် လေလွင့်ဆုံးရှုံးရသည်။ အချို့သည် မီတာယူနစ်နည်းရန်နှင့် ပုံသေနှုန်းထားဖြင့် ကောက်ခံရန်တို့ကို ဌာနဝန်ထမ်းများဖြင့် ညှိနှိုင်းလုပ်ဆောင်မှုကြသည်။ အချို့မှာ ရေခွန်ကျသင့်ငွေကို ပုံမှန်ပေးဆောင်ခြင်း မရှိကြသည်လည်းရှိသည်။ ရပ်ကွက်နှင့်လမ်းများတွင် ရေယိုမှုများတွေ့ရှိလျှင် အကြောင်းကြားဆက်သွယ်ပါက စောစီးစွာပြင်ဆင်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုလျော့နည်းသွားမည်ဖြစ်သည်။

ရေသုံးစွဲမှုသည် တစ်ဦးတစ်ယောက်တည်း မဟုတ်ဘဲ အများပြည်သူ မျှဝေသုံးစွဲနေရကြသည်ဖြစ်ရာ တစ်ဦးတစ်ယောက်ချင်းစီက ရေလေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် ပါဝင်ကူညီကြရမည်ဖြစ်သည်။ မြို့ပြဖွံ့ဖြိုးတိုးတက်မှုတွင် စီးမျှောရင်းလုံလောက်သောရေဖြန့်ဝေပေးနိုင်ရေးနှင့် လေလွင့်ဆုံးရှုံးမှု မရှိစေရေးမှာ ရေဖြန့်ဝေပေးသည့်ဌာနနှင့် သုံးစွဲသူတို့ ပူးပေါင်းဆောင်ရွက်သင့်သည်ဟု ဆိုချင်ပါတော့သည်။



ခိုင်ဆက်ဝေ



## ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းအတွက် နည်းပညာပေးသင်တန်းဖွင့်လှစ်

**နေပြည်တော် အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မည့် စက်ချုပ်နည်းပညာသင်တန်းနှင့် စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၁၀ နာရီက Incubation Center ၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် စီမံကိန်းလုပ်ငန်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမင်းဦးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ထို့နောက် နေပြည်တော် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စိုးမမငွေးက ကျေးရွာ (၂)ရွာမှ စီမံကိန်းကော်မတီဝင်များအား စီမံကိန်းဝတ်စုံများ ပေးအပ်သည်။ ယင်းနောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းအတွက် လယ်ဝေးမြို့နယ်၊ သပြေပင်ကျေးရွာတွင် စက်ချုပ်နည်းပညာသင်တန်းကို အောက်တိုဘာ ၁ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ သင်တန်းသား ၁၀ ဦးဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ်၊ ဆင်ဖြူရှင်ရပ်ကွက်တွင် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို အောက်တိုဘာ ၁ ရက်မှ ၇ ရက်အထိ သင်တန်းသား ၁၅ ဦးဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ကျေးရွာ ၁၄ရွာတွင် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်လာနိုင်သည်အထိ အသက်မွေးဝမ်းကျောင်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးပြီး လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းရှင် ၇၀ ဦးကို လုပ်ငန်းထူထောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွင်းတွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်း ရာဂီမုန်တိုင်းဒဏ်ကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ကျေးရွာများကို ဦးစားပေးပြီး လုပ်ငန်းများ ပြန်လည်ထူထောင်နိုင်ရန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသ

**တောင်တွင်းကြီး အောက်တိုဘာ ၄**



မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်ပြသခြင်းလုပ်ငန်းကို ယမန်နေ့ နံနက် ၁၀နာရီက ဆောင်ရွက်ခဲ့သည်။

အဆိုပါ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးခြင်းကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် မုန်တိုင်းအန္တရာယ်အသိပေးနိုးဆော်ခြင်းများ၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ မုန်တိုင်းအန္တရာယ်သတိပေးကြေညာချက်များအား ပြည်သူများသိရှိစေရန်နှင့် ရေဘေး၊ လေဘေး၊ မီးဘေး၊ မြေပြိုဘေးနှင့် မုန်တိုင်းအန္တရာယ်များ ကျရောက်လာပါက လိုက်နာဆောင်ရွက်သင့်သည့်အချက်များ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်အချက်များကို နံရံကပ်စာစောင်တွင် ပြသထားရာ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ တောင်တွင်းကြီးမြို့နယ် ရုံးဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများဖတ်ရှုလိုသည့် သုတ၊ ရသ စာအုပ်စာစောင်များကိုလည်း အခမဲ့ငှားရမ်းပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## အမှတ်(၂)ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲနှင့်ပြပွဲများပြုလုပ်

**သာစည် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်၊ သာစည်မြို့နယ်တွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့်ပြည့်စုံပြီး ဖွံ့ဖြိုးတိုးတက်လာစေရန် ယမန်နေ့ နံနက် ၁၀ နာရီက သာစည်မြို့နယ် အမှတ်(၂)ရပ်ကွက် အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မီးရထား၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲများ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဝင်းက ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အသိပညာပေးဟောပြောသည့် အချက်အလက်များကို အလေးထားမှတ်သားကြရန် မှာကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ထွေးထွေးစိန်နှင့် ရပ်သံကျွမ်းကျင်-၃ ဦးဇော်မင်းထွေး(စာရေးဆရာ ခန့်စစ်အောင်)တို့က လူငယ်ရေးရာနှင့်ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ဆက်လက်ပြီး ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးနံရံကပ်စာစောင်များနှင့် ဓာတ်ပုံများ၊ သုတရသစာအုပ်များကို ပြသခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲနှင့်ပြပွဲများသို့ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ (၄၈၇)




ဖတ်စရာ၊ မှတ်စရာ စုံလင်

## ကျေးဇူးကြီးစွာ မြတ်ဆရာ

\- ဆရာ့ဂုဏ် အနန္တရယ်နဲ့
ခေါင်တမျှ မြင့်မားနေ။
အိတ်ကိုသွန် ဖာလိုမှောက်
တတ်မြောက်သင်ပေ။
ပိန်းကြာရွက်ပေါ် မတင်စေ
ရေသို့လေ လျှောစေအပ်။
တတ်ပညာ မချန်ရှင်းကာပ
သင်ကြားနှင်းဆပ်။

\- နလုံးသားမယ် အခါမလပ်လို့
မေတ္တာထပ် သင်ကြားရှာ။
ဝမ်းမလွယ်နဲ့ ရင်သွေးသား
မခွဲခြားပါ။
စေတနာနဲ့ ဝါသနာ
ကရုဏာ အစဉ်မပြတ်။
အနစ်နာခံ ကျောပိုးထမ်းပါလို့
မြင့်နန်းပို့ဆက်။

\- တပည့်သားတွေ ဂုဏ်ထက်မြက်သမို့
မြင်နေလျက် ပြုံးပျော်ရွှင်။
ရေအလျဉ်လို အစုန်သာရှိ
အဆန်နတ္ထိအသွင်။
ရင်တွင်းမယ် အမြဲချစ်ခင်
မြတ်နိုးကြင် ပီတိစား။
ဆရာဆိုတာ ပြားမရှိပေမယ့်
တပည့်မရှား။

\- ဆရာ့ဂုဏ်ရည် တန်ဖိုးထားလို့
သိတတ်ပွား ခေတ်တိုင်ရှည်။
အောက်တိုဘာ ငါးရက်နေ့
မြတ်ပေ့အမှန်ပေ။
ကမ္ဘာ့တစ်ဝန်း နိုင်ငံတွေ
အမှတ်ရစေ အစဉ်မပြတ်။
ဆရာမည် မြတ်ကျေးဇူးကိုပ
(ကမ္ဘာ့ဆရာများနေ့ရက်မှာဖြင့်)
ဦးထိပ်မှန်းလျက်။ ။

(၅-၁၀-၂၀၂၄ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အား ဂုဏ်ပြုရေးဖွဲ့ပါသည်။)

မင်းမြတ်မိုး(မန်းမြေ)

# သတင်းပဒေသာ

## ဆွမ်းဆန်တော်၊ ဆီနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်အတွင်း ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီနှင့်အလှူငွေများ ဆက်ကပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ပလတ်စတစ်သုံးစွဲမှု လျော့ချရေးနှင့် အသိပညာပေးပုံပြင်များ ဟောပြော

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်ခရိုင်၊ နမ့်စန်မြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဆောင်ရွက်သော အသိပညာပေး ဟောပြောပွဲနှင့် ရွေ့လျားစာကြည့်တိုက် ဆောင်ရွက်ခြင်းကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၃)ကျေးရွာရှိ ကုန်းလန်း အခြေခံပညာ မူလတန်းလွန်ကျောင်းတွင် ပြုလုပ်ခဲ့သည်။ ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဒုတိယဦးစီးမှူး ဒေါ်မေပြုံးပွင့်အောင်က ပလတ်စတစ် သုံးစွဲမှု လျော့ချရေးနှင့် အသိပညာပေးပုံပြင်များကို ပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သန်ခေါင်စာရင်းကို ကောက်ကွက်များအလိုက် ဆက်လက်ကောက်ယူ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်ခေါင်စာရင်းကောက်ယူခြင်းကို ယမန်နေ့က မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် စာရင်းစစ်၊ စာရင်း ကောက်အဖွဲ့များက ဆက်လက်ကောက်ယူလျက်ရှိသည်။ ထိုသို့ ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်ခေါင်စာရင်းကို ကောက်ကွက်များအလိုက် စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူနေမှုအား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့၊ အဖွဲ့ဝင်-၂ ဦးစိုင်းဆမ်တစ်နှင့် တာဝန်ရှိသူများ လိုက်လံ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## တစ်အိမ်တက်ဆင်းစနစ်ဖြင့် စာရင်းကောက်ယူလျက်

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်ခေါင်းစာရင်း ကောက်ယူခြင်းကို စာရင်းစစ်စာရင်းကောက်အဖွဲ့များက ယမန်နေ့ နံနက်ပိုင်းက ရပ်ကွက်/ ကျေးရွာအုပ်စုများအလိုက် တစ်အိမ်တက်ဆင်း စနစ်ဖြင့် စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ကျန်းမာရေးစစ်ဆေးကုသပေးခြင်းဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် နိုင်ငံ့ ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့ကျန်းမာရေး စစ်ဆေးကုသပေးခြင်းတို့ကို ယမန်နေ့ နံနက်ပိုင်း ဇနာရီခွဲက မင်းလှမြို့နယ် ပြည်သူ့ဆေးရုံ အစည်း အဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သန်းခေါင်စာရင်းကောက်ယူခြင်း ဆက်လက်ဆောင်ရွက်

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်တွင် ၂၀၂၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်ခေါင်စာရင်းကောက်ယူခြင်း ကို အောက်တိုဘာ ၁ရက် နံနက်ပိုင်းမှ စတင်၍ အမှတ် (၁၊ ၂၊ ၃)ရပ်ကွက်တို့တွင် စာရင်းကောက်အဖွဲ့ (၂)ဖွဲ့ဖြင့် ကောက်ယူရာ အိမ်ထောင်စု (၃၈၈)စု ကောက်ယူပြီးစီးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဆရာတော်ကြီး၏ ရေဘေးခရီးစဉ်အတွက် အသင်းရုံးမှ အဝတ်အထည်နှင့် ငွေလှူဒါန်း



**မန္တလေး အောက်တိုဘာ ၄**

မန္တလေးမြို့ တောင်စလင်း တိုက်သစ် ပဓာနနာယက ဆရာတော်၊ ဗုဒ္ဓဘာသာပြန့်ပွားရေး အတွက် အသင်းချုပ်၏ဆရာတော် ဘဒ္ဒန္တတိက္ခကိုယ်တိုင် ရေဘေး သင့်ဒေသသို့ အဝတ်အထည်နှင့် ပစ္စည်းအချို့ သွားရောက်လှူဒါန်း မည်ဖြစ်ပါ၍ ဗုဒ္ဓဘာသာ သာသနာ ပြန့်ပွားရေးအသင်းချုပ်မှ ဆရာ တော် ဘဒ္ဒန္တတိက္ခအတိဓဇ မဟာရဋ္ဌ ဂုရုထံသို့ ဥက္ကဋ္ဌဦးလှဝင်းကိုယ်စား ရုံးအဖွဲ့ဝင် ဒေါ်စိန်စိန်အေးက အဝတ်အထည်စုံ (၁၂၅)ထည်ပါ အိတ်ငါးအိတ်နှင့် ငွေကျပ်တစ်သိန်း ကို ယမန်နေ့က ပေးအပ်လှူဒါန်း သည်။ အလားတူ ရေဘေးသင့် ဒေသသို့ ဗုဒ္ဓဘာသာ ပြန့်ပွားရေး အသင်းချုပ်ကိုယ်စား၊ အသင်းခွဲ၊ အသင်းတောက်များနှင့် ပရဟိတ (မန္တလေး)အဖွဲ့များဖြစ်သည့် မမိက ငွေကျပ်တစ်သိန်း၊ ဦးအောင်ကို လတ်နှင့်အဖွဲ့က ငွေကျပ်တစ်သိန်း၊ ဦးကြည်စိန်နှင့်အဖွဲ့က ငွေကျပ် နှစ်သိန်း၊ ရေဘေးကယ်ဆယ်ရေး အဖွဲ့(မန္တလေး)က တစ်သိန်း၊ အေး သီတာထွန်းနှင့်အဖွဲ့က ငွေကျပ် တစ်သိန်း၊ ဦးမောင်မောင် (အင်း လေး)နှင့်အဖွဲ့က ငွေကျပ် တစ်သိန်း ငါးသောင်း စုစုပေါင်း ငွေကျပ် ခုနစ်သိန်းငါးသောင်း တိတိကို ပေးလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(ကဆ)

## မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဝါဆိုသင်္ကန်းနှင့် ဆွမ်းဆက်ကပ်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၄**

ပြည်ထဲရေးဝန်ကြီးဌာန မီး သတ်ဦးစီးဌာန မန္တလေးတိုင်းဒေသ ကြီး မီးသတ်ဦးစီးမှူးရုံးမှ ကြီးမှူး၍ ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဆရာ တော် သံဃာတော်များအား ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို တော်သလင်း လကွယ် အောက်တိုဘာ ၂ရက် နံနက် ၁၀နာရီက ချမ်းအေးသာစံမြို့ နယ် ၂၉လမ်းနှင့် ၈၁လမ်းထောင့် ရှိ မန္တလေးတိုင်းဒေသကြီး မီး သတ်ဦးစီးဌာန ဗဟိုမီးသတ်စခန်း အစည်းအဝေး ခန်းမတွင် ကျင်းပ သည်။

(ယာပုံ)

အခမ်းအနားတွင် ဆရာတော် သံဃာတော်များထံမှ မန္တလေးတိုင်း ဒေသကြီး မီးသတ်ဦးစီးမှူး ညွှန် ကြားရေးမှူး ဦးဇော်ဝင်းထွန်း ဒုတိယ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်း မန္တလေးခရိုင် မီးသတ်ဦးစီးမှူး လက် ထောက်ညွှန်ကြား ရေးမှူး ဦးကျော် ကိုကိုနှင့် မန္တလေးခရိုင်အတွင်းရှိ မြို့နယ်မီးသတ်ဦးစီးမှူးများ တပ်ဖွဲ့ ဝင်များနှင့် မိသားစုဝင်များက ဝါဆို သင်္ကန်း ဝတ္ထုငွေနှင့်နေ့ဆွမ်း ဆက် ကပ်လှူဒါန်းပြီး ဖိတ်ကြားထားသော ဧည့်သည်များအား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရ သည်။




(ဝ၄၅)



## မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်လှူဒါန်း

**မန္တလေး အောက်တိုဘာ ၄**

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရဆရာတော်ကြီး တည် ထောင်ဖွင့်လှစ်တော်မူခဲ့သည့် မန္တလေးမြို့ အောင်မြေသာစံမြို့ နယ်ရှိ ဇီဝိတဒါနသာသနာ့အထူး ကုဆေးရုံကြီးတွင် တက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိကြ သော အနယ်နယ်အရပ်ရပ်မှ ရဟန်း သံဃာတော်များအတွက် အလှူရှင် မန္တလေး အောင်မြေသာစံမြို့နယ် ၆၂လမ်း၊ ၂၄နှင့် ၂၅လမ်းကြားနေ ဒေါ်စိန်စိန် (၇၅)နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ဆေးပဒေသာပင် အလှူ ငွေကျပ်ငါးသိန်းကို ယမန်နေ့က ဆေးရုံအလှူခံဌာနတွင် လာရောက် လှူဒါန်းရာ ဥပဋ္ဌာယကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းက လက်ခံရယူခဲ့ပြီး သာဓုအနုမောဒနာ ခေါ်ဆိုကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့သည်။

ဇီဝိတဒါနသာသနာ့အထူး ကုဆေးရုံကြီး(မန္တလေး)သို့ ဆေး ပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်း လိုပါက ၆၂လမ်းနှင့် ၁၅လမ်းထိပ် ရှိ ဆေးရုံအလှူခံဌာနတွင် လည်း ကောင်း၊ ဖုန်း ဝ၉-၈၉၂၉၅၃ဝ၈၂ နှင့် ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၁)

## ဂီတအစည်းအရုံးအဖွဲ့မှ ရေဘေးသင့် ပြန်လည်ထူထောင်ရေးအတွက် သိန်း ၃၀ကျပ် လှူဒါန်း

**တပ်ကုန်း အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ၊ နေ ပြည်တော်၊ တပ်ကုန်းမြို့နယ် ဂီတ အစည်းအရုံးမှ နာယကများ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်း၍ မြို့နယ်အတွင်း ရေဘေးသင့်ပြန် လည်ထူထောင်ရေးအတွက် လှူ ဒါန်းခြင်းကို ယမန်နေ့က မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ အစည်းအဝေးခန်းမတွင် ကျင်းပ သည်။

ထိုလှူဒါန်းရာတွင် မြို့နယ် ဂီတအစည်းအရုံးမှ နာယက ဦးတင်လွန်းနှင့် အဖွဲ့ဝင်များက ရေဘေးသင့် ပြန်လည်ထူထောင် ရေးအတွက် အသုံးပြုနိုင်ရေး လှူ ဒါန်း ငွေကျပ် သိန်း၃၀အား မြို့ နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးထံ ပေးအပ်လှူဒါန်းခဲ့ ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*

## (၁၄၅)ကြိမ်မြောက် သွေးလှူဒါန်း

**မန္တလေး အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေခရိုင်၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ထထ (၁၂)နေ စိန်ညီအစ်ကို စေတနာ သွေးလှူရှင်အဖွဲ့မှ ဦးတင်မြင့် (လူမှုထူးချွန်ပထမဆင့်၊ ရတနာပုံလူမှုရေးဆိုင်ရာ ထူးချွန်လက်မှတ်၊ အလုပ်ရုံစိတ်မှူး၊ ငြိမ်း၊ မြန်မာ့သင်္ဘောကျင်း)သည် အောက်တိုဘာ ၄ရက် နံနက် ၁၀ နာရီက မန္တလေးအထွေထွေရောဂါကု ဆေး



ရုံကြီးတွင် တက်ရောက်ကုသမှု ခံယူနေသော လူနာများအတွက် အမျိုးသားသွေးလှူဘဏ်တွင် ၁၄၅ ကြိမ်မြောက်အဖြစ် ဇီဝိတဒါန သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)(ဝ၄၁)



## မင်းကုန်းကျေးရွာရှိ ရှာဦးစေတီတွင် မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ရေသပ္ပါယ်ခြင်းများ ဆောင်ရွက်

**သာစည် အောက်တိုဘာ ၄**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၌ ရေကြီးရေလျှံပြီး ရေဝင်ရောက်ခဲ့သည့် လှိုင်းတက်ကျေးရွာအုပ်စု မင်းကုန်းကျေးရွာရှိ ရှာဦးစေတီတော်တွင် အောက်တိုဘာ ၃ ရက်က မီးသတ်တပ်ဖွဲ့ဝင်များ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ရေသပ္ပါယ်ခြင်းများဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုမီးသတ်ဦးစီးမှူး ဦးစည်သူအောင် ဦးဆောင်၍ သန္နေတပ်ဖွဲ့ဝင် ၁၃ ဦး၊ အရန်တပ်ဖွဲ့ဝင် ၇ ဦးနှင့် တိုင်းဒေသကြီးမီးသတ်ဦးစီးဌာနမှ သန္နေတပ်ဖွဲ့ဝင် ၅ ဦးတို့က 2D3204 မီးငြိမ်းသတ်ယာဉ်တစ်စီး၊ Tohatsu အပေါ့စားစက်တစ်လုံးတို့အသုံးပြု၍ စေတီတော်ရင်ပြင်နှင့် စေတီအတွင်းတို့၌ရေဝင်ပြီး တင်ကျန်ခဲ့သော ရွှံ့နွံများဖယ်ရှားခြင်းနှင့် သန့်ရှင်းရေးများပြုလုပ်ပြီး စေတီတော်အား ရေသပ္ပါယ်ခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၈၇)

## မြို့မဈေးကြီးသန့်ရှင်းသပ်ရပ်စေရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်

**နတ်မောက် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၌ မြို့မဈေးကြီး သန့်ရှင်းသပ်ရပ်စေရေး အောက်တိုဘာ ၂ ရက် နေ့လယ် ၂နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ စုပေါင်းသန့်ရှင်းရေးများ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

အဆိုပါ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့မဈေးကြီးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရန် ပေါင်းမြက်များ ရှင်းလင်းခြင်း၊ ပလတ်စတစ်အမှိုက်များလိုက်လံကောက်ယူရှင်းလင်းခြင်း၊ စွန့်ပစ်အမှိုက်ကန်ရှိ အမှိုက်သရိုက်များ သိမ်းဆည်းခြင်း၊ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်လာပြည်သူများ ကျန်းမာရေးဆိုးကျိုးမဖြစ်စေရေး စွန့်ပစ်အမှိုက်ကန်မှ အနံ့ဆိုးများမထွက်စေရန် စနစ်တကျ ပြုလုပ်ဆောင်ရွက်ခဲ့ကြသည်။ နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် မြို့ပြသန့်ရှင်းသာယာရေး စည်ပင်သာယာမြို့မဈေးကြီး ဈေးအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရေး၊ ဈေးလုံခြုံရေးနှင့် ဈေးသူ၊ ဈေးသားများ စနစ်တကျ ဈေးရောင်း၊ ဈေးဝယ်ပြုလုပ်နိုင်ရေး ပြည်သူလူထုစည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုများ ရှောင်ကြဉ်သတိပြုနိုင်ရေး အသိပေးခြင်းနှင့် မြို့ပတ်ဝန်းကျင် ပလတ်စတစ်ကြွပ်ကြွပ်အိတ်ကင်းစင်ရေးစသည့် မြို့ပြသန့်ရှင်းရေးလုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ နေ့စဉ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **လှဝင်း**



## စီးပွားဖြစ် ပန်းမုန်လာစိုက်ပျိုးခြင်းဖြင့် ဝင်ငွေတိုးစေမည်

စီးပွားဖြစ် ပန်းမုန်လာစိုက်ပျိုးခြင်းဖြင့် တောင်သူများ ဝင်ငွေကောင်းစေရန် ရာသီချိန်ကိုက် စနစ်တကျပြုစု စိုက်ပျိုးရန်လိုအပ်ကြောင်း စိုက်ပျိုးရေးပညာရှင်များက အကြံပြုထားသည်။

ပန်းမုန်လာသည် အေးသောရာသီဥတုကို ကြိုက်နှစ်သက်သော်လည်း အပူဒဏ်ကိုလည်း ခံနိုင်သော သီးနှံဖြစ်သည်။ခြောက်သွေ့လွန်းသောရာသီဥတုတွင် ပန်းပွင့်ကောင်းစွာမဖြစ်ထွန်းနိုင်သည့်အတွက် ကျစ်လျစ်ဖွံ့ဖြိုးသော ပန်းမုန်လာထုပ်များရရန် အစိုဓာတ်အမြဲရှိနေရန် လိုအပ်သည်။

မြေပြန့်ဒေသတွင် Snow Ball ခေါ်သက်လျင်မျိုးကို အများဆုံးစိုက်ပျိုးကြ၍ စိုက်ချိန်မှ ခူးဆွတ်ချိန်အထိ ရက် ၉၀ ကြာသည်။ သက်လျင်မျိုးများမှာ အပွင့်အရွယ်ငယ်၍ ကျစ်လျစ်သည်။

သက်ကြီးမျိုးသည် စိုက်ချိန်မှ ခူးဆွတ်ချိန်ထိ ရက် ၁၂၀ ကြာသည်။ အပွင့်အရွယ်အစားကြီးမား၍ တောင်ပေါ်ဒေသများတွင် အများဆုံးစိုက်ပျိုးကြသည်။ အရွက်အရွယ်အစားကြီးပြီး ပန်းပွင့်ကို ဖုံးအုပ်ထားလေ့ရှိသည်။

တောင်ပေါ်ဒေသများတွင် ဧပြီ၊ မေ၊ စက်တင်ဘာ၊ အောက်တိုဘာလများတွင် စိုက်ပျိုးကြပြီး မြေပြန့်ဒေသတွင် စက်တင်ဘာနှင့် အောက်တိုဘာလတို့တွင် စိုက်ပျိုးနိုင်ပါသည်။ တစ်ဧကစိုက်ပျိုးရန်အတွက် မျိုးစေ့ ၁၀၀-၁၅၀ ဂရမ် အသုံးပြုစိုက်ပျိုးရသည်။

မြေအမျိုးအစားအနေဖြင့် မုန်လာအုပ်စုတွင် ပါဝင်သော အပင်များသည် မြေဆီဩဇာကြွယ်ဝသော မြေအမျိုးအစားကို ကြိုက်နှစ်သက်ပြီး မြေချဉ်ငံဓာတ် ၆-၆.၅ ကြားတွင် ကောင်းစွာဖြစ်ထွန်း၍ အကောင်းဆုံး မြေမှာ သဲဆန်သောနုန်းမြေ ဖြစ်သည်။

မြေပြုပြင်ခြင်းအနေဖြင့် အရှည် ၁၀ ပေနှင့် အကျယ် ၂ ပေခွဲရှိသော ပေါင်များရအောင် ပြင်ရပါမည်။ ပျိုးပေါင်မြေပြင်ရာတွင် မြေမှုန့်ညက်လွန်းပါက ရေလောင်းလျှင် မြေကျပ်တည်းသွားနိုင်၍ ဂရုစိုက်ရမည်။ထွန်ရေး ၂-၃ ကြိမ်ခန့် ဝင်ပေးရမည်။ရေသွင်းရေထုတ်မြောင်းများ ပြုလုပ်ပေးရမည်။ မျိုးစေ့ကြဲရန်အတွက် ပျိုးပေါင်ပေါ်တွင် ၂လက်မ မြောင်းများပြုလုပ်၍ မျိုးစေ့ချပြီး နွားချေးမှုန့် (သို့) သဘာဝမြေဩဇာကို ခပ်ပါးပါးဖြူးထည့်ပေးပြီး မျိုးစေ့ကို ဖုံးအုပ်ပေးရမည်။ ပျိုးသက် ၂၀ ရက်သားတွင် ယူရီးယားမြေဩဇာကို တစ်ပေါင်လျှင် ၅ အောင်စနှုန်းဖြင့် ရေဖျော်၍ ဖျန်းပေးရန် လိုအပ်သည်။ ပျိုးသက် ၃၅-၄၀ ရက်ရောက်လျှင် ပြောင်းရွှေ့စိုက်ပျိုးနိုင်ပါသည်။

ပြောင်းရွှေ့စိုက်ပျိုးပြီးပါက ၁၀-၁၅ရက်အကြာတွင် ပျိုးပင်ခါးဆွခြင်း ပြုလုပ်ပေးရန်လိုအပ်သည်။ အပင်ဖာခြင်းလုပ်ငန်းကို လေး၊ ငါးရက်အတွင်း ပြီးအောင်ဆောင်ရွက်ပေးရပါမည်။ ပန်းမုန်လာကို တိုက်ရိုက်မစိုက်ပျိုးသင့်ပါ။

မြေဩဇာကျွေးခြင်းအနေဖြင့် စိုက်ခင်းမြေပြင်ချိန်တွင် တစ်ဧကလျှင် သဘာဝမြေဩဇာ သုံးအိတ်ခန့်ထည့်ပေးပြီးနောက် ရွှေ့ပြောင်းစိုက်ပျိုးပြီးချိန် ၁၀ ရက်ခန့်အကြာတွင် ပထမအကြိမ်အဖြစ် ကွန်ပေါင်းမြေဩဇာ တစ်အိတ်ခန့်ကျွေးပြီး ရွှေ့ပြောင်းစိုက်ပျိုးပြီး ၂၀ ရက်ခန့်အကြာတွင် ဒုတိယအကြိမ်အဖြစ် ရှေ့အချိုးများသည့် နိုက်ထရိုဂျင်အချိုးများသော ပုလဲမြေဩဇာတစ်အိတ်ကျွေးသင့်ပါသည်။ ရွှေ့ပြောင်းစိုက်ပျိုးပြီး ၃၀ ရက်ခန့်အကြာတွင် ကွန်ပေါင်းဓာတ်မြေဩဇာတစ်အိတ်ကျွေးသင့်သည်။

အပင်ပြုစုစောင့်ရှောက်ခြင်းအနေဖြင့် ဓာတ်မြေဩဇာနှင့် မြေသား သမသွားစေရန်၊ပေါင်းမြက်များမရှိစေရန် ကြားပေါင်းပုံမှန်လိုက်ပေးရမည်။ အပွင့်ကောင်းစွာပွင့်ချိန်တွင် နေရောင်ခြည် တိုက်ရိုက်ထိတွေ့ပါက ပန်းပွင့်အရောင်ပြောင်းလဲတတ်ပြီး အရသာခါးတတ်သဖြင့် အပွင့်၏ အချင်း ၂-၃ လက်မအရွယ်ရောက်သောအခါ အပင်အရွက်များကို စည်းပေးရန်လိုအပ်ပါသည်။

ရိတ်သိမ်းခြင်းအနေဖြင့် ပြောင်းရွှေ့စိုက်ပျိုးပြီး ၇၅ ရက်ခန့်တွင် ပန်းပွင့်အဖြူရောင်သန်းလာပါက ပန်းပွင့်ကို စတင်ခုတ်ယူရိတ်သိမ်းနိုင်ပြီး သယ်ယူပို့ဆောင်ရာတွင် ထိခိုက်မှုနည်းစေရန် အရွက်ကို ၂-၃ ရွက်ချန်၍ ပင်စည်ကို ၄-၆ လက်မခန့်ချန်ပြီး ခုတ်ပါ။ မျိုးစေ့အမျိုးအစားကိုလိုက်၍ တစ်ဧကလျှင် တန်ချိန် ၅-၈ တန်ကြား ထွက်ရှိနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

*-*-*-*-*



## အောက်တိုဘာပထမပတ်မှစတင်၍ ကြက်သွန်နီစိုက်ပျိုးလျက်ရှိ

**ရေနံချောင်း အောက်တိုဘာ ၄**

ရေနံချောင်းမြို့နယ်တွင် ကြက်သွန်နီကို အောက်တိုဘာ ပထမပတ်မှ စတင်၍ စိုက်ပျိုးလျက်ရှိကာ နေ့စဉ်ဝင်ငွေရသဖြင့် အဓိကထား စိုက်ပျိုးလုပ်ကိုင်လာကြောင်း တောင်သူများထံက သိရသည်။

ရောဝတီမြစ်ရေကျသွားပြီဖြစ်တဲ့အတွက် ကိုင်းမြေတွေမှာ ကြက်သွန်နီစိုက်ပျိုးကြပြီး ဉပျံပိဿာတစ်ရာလျှင် ငွေကျပ် ၁၇၀၀၀၀၊ ဝယ်စိုက်ရပြီး တစ်ဧကလျှင် ကြက်သွန်ပိဿာ ငွေကျပ် ၃၀၀နှင့် ၄၀၀ ကြား စိုက်ပျိုးကြတယ်ဟု ရေနံချောင်းမြို့နယ် ဖောင်းကတောရွာသစ်ကျေးရွာနေ တောင်သူအမျိုးသားတစ်ဦးက ပြောသည်။

ပုံမှန်အားဖြင့် ကြက်သွန်နီစိုက်ဧက တစ်ဧကလျှင် ပိဿာသုံးထောင်ဝန်းကျင်ထွက်ရှိပြီး ယခင်နှစ် ဥပျံကြက်သွန်ပေါ်ချိန်တွင် တစ်ပိဿာ ငွေကျပ် ၃၀၀၀ ဖြင့် ရောင်းရကြောင်း သိရသည်။

ရေနံချောင်းမြို့နယ်တွင် ယခင်နှစ်၌ ကြက်သွန်နီ ဧက ၃၇၅၁ လျာထားစိုက်ပျိုးခဲ့ရာ ဧက ၃၀၇၉ စိုက်ပျိုးပြီးစီးပြီး တစ်ဧကလျှင် ၃၆၃၆ ဒသမ ၃၇ ပိဿာထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သိရသည်။

(အောက်ပုံ)

(၄၇၂)



# အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်း ဆက်လက်ကောက်ယူလျက်ရှိ

**လယ်ဝေး အောက်တိုဘာ ၄**

ပြည်ထောင်စုနယ်မြေ၊ လယ်ဝေးခရိုင်၊ လယ်ဝေးမြို့နယ် မြို့နယ်သန်းခေါင်စာရင်းကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်များသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းမှ စတင်၍ ရပ်ကွက်နှင့်ကျေးရွာများတွင် စတင်ကောက်ယူလျက်ရှိသည်။



ထိုသို့ ကောက်ယူနေမှုများအား အောက်တိုဘာ ၁ ရက် မွန်းလွဲပိုင်းက လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇင်မင်းကိုနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များက လယ်ဝေးမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ အမှတ်(၆)ရပ်ကွက်၊ စည်တိုးအောင်၊ သပြေပင်၊ သစ်ကြိမ်းကျေးရွာများသို့ သွားရောက်၍ ကြည့်ရှုအားပေးကာ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များအား ရေသန့်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့သည်။

လယ်ဝေးမြို့နယ်အတွင်း တပ်ရင်းတပ်ဖွဲ့များ အပါအဝင် ကောက်ကွက် ၆၇၁ ကွက်၊ စာရင်းစစ်၊ စာရင်းကောက် ၂၈၉ ဦးတို့ဖြင့် ကောက်ယူလျက်ရှိကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**



**မင်းတုန်း အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ မင်းတုန်းမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို ယမန်နေ့ နံနက်ပိုင်းမှစတင်၍ အမှတ်(၁၊ ၂၊ ၃) ရပ်ကွက်တို့တွင် စာရင်းကောက်အဖွဲ့ နှစ်ဖွဲ့ဖြင့် ကောက်ယူရာ အိမ်ထောင်စု ၃၈၈ စု ကောက်ယူပြီးစီးခဲ့သည်။

ထိုသို့ သန်းခေါင်စာရင်းကောက်ယူရာတွင် ၂၀၂၄ခုနှစ်၊ စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ကို သန်းခေါင်စာရင်းရည်ညွှန်းချိန်သတ်မှတ်၍ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ကွက် ၆၇ ကွက်တွင် ကောက်ယူသွားမည်ဖြစ်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို တစ်အိမ်တက်ဆင်း ကောက်ယူလျက်ရှိကြောင်း သိရသည်။

**(အပေါ်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

**ရေနံချောင်း အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်၌ နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး၊ စီမံခန့်ခွဲမှုကိစ္စရပ်များတွင် မူဝါဒများ ချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအသုံးပြုရသည့် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန်အတွက် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများကို ယမန်နေ့ နံနက် ၇ နာရီက ညောင်လှရပ်ကွက်နှင့် သစ်တပွေရပ်ကွက်တို့တွင် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ ၁၀ ဖွဲ့ဖြင့် စတင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ ပူးပေါင်းကာ ညောင်လှရပ်ကွက်တွင် စာရင်းကောက်အဖွဲ့ ရှစ်ဖွဲ့၊ သစ်တပွေရပ်ကွက်တွင် စာရင်းကောက်အဖွဲ့ နှစ်ဖွဲ့၊ စုစုပေါင်း စာရင်းကောက်အဖွဲ့ ၁၀ ဖွဲ့တွင် စာရင်းစစ်၊ စာရင်းကောက် ၅၂ ဦးဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာ အချက်အလက်များကို တစ်အိမ်တက်ဆင်း လိုက်လံကောက်ယူလျက်ရှိသည်။

အဆိုပါ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် မြို့နယ်အဆင့် သန်းခေါင်စာရင်းကောက်ယူရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် အဖွဲ့ဝင်များက အနီးကပ်ကြီးကြပ်ကာ ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါဆောင်ရွက်ပြီး လုံခြုံရေးတပ်ရင်းတပ်ဖွဲ့များက လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ **(အောက်ဝဲပုံ)**



ရေနံချောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို မြို့ပေါ်ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅ အုပ်စုရှိ ကျေးရွာ ၁၇ ရွာတွင် စာရင်းကောက်ကွက် ၁၃၅ ကွက်ဖြင့် လူဦးရေနှင့်အိမ်အကြောင်းအရာအချက်အလက်များ ကောက်ယူသွားမည်ဖြစ်ကြောင်း မြို့နယ်သန်းခေါင်စာရင်းကောက်ယူရေးကော်မတီမှ သိရသည်။

(၄၇၂)



**နတ်မောက် အောက်တိုဘာ ၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်သန်းခေါင်စာရင်းကောက်ယူရေးအတွက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ဝင်များနဲ့အတူ ရပ်ကွက်၊ ကျေးရွာများသို့ ကွင်းဆင်းကောက်ယူခြင်းကို အောက်တိုဘာ ၃ ရက် နံနက် ၇ နာရီက ကောက်ကွက်အလိုက် ကောက်ယူဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စာရင်းများကောက်ယူရာတွင် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့ဝင်ဖြင့် ရပ်/ကျေးအဆင့် ကော်မတီများမှ နတ်မောက်မြို့နယ်၌ ရပ်ကွက်ခုနစ်ရပ်ကွက်၊ ကျေးရွာအုပ်စု ၄၁ အုပ်စု၊ ကျေးရွာပေါင်း ၁၂၇ ရွာ၊ ကောက်ကွက်ပေါင်း ၂၈၆ သန်းခေါင်စာရင်းကောက်ကွက်များမှ လူဦးရေနှင့်အိမ်အကြောင်းအရာစာရင်းများ တိကျမှန်ကန်စွာ ရရှိနိုင်ရေးအတွက် အိမ်ထောင်စုများ လူဦးရေဆိုင်ရာ အချက်အလက်များနှင့် အိမ်အကြောင်းအရာ အချက်အလက် ၆၈ ချက်တို့ကို မေးမြန်းကောက်ယူလျက်ရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာများကို မှန်ကန်စွာ စာရင်းကောက်ယူခဲ့ကြရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုအားပေးခဲ့ကြပြီး ဒေသခံ ရပ်ကွက်၊ ကျေးရွာတာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(လှဝင်း)**

၀-၀-၀-၀-၀-၀

**မိုင်းယောင်း အောက်တိုဘာ ၄**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ်၌ အောက်တိုဘာ ၃ ရက်က တတိယနေ့အဖြစ် ကောက်ကွက်အလိုက် သက်ဆိုင်ရာ စာရင်းစစ်၊ စာရင်းကောက်များက ဆက်လက်ကောက်ယူလျက်ရှိသည်။

ထိုသို့ ကောက်ယူနေမှုများကို ခရိုင်နှင့် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်း ကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

မိုင်းယောင်းမြို့နယ်တွင် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ကောက်



ကွက်(၂၉)ကွက်၊ စာရင်းစစ်ခုနစ်ဦး၊ စာရင်းကောက် ၂၉ ဦးဖြင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)(၅၀၅)**

သစ်တောသစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။


❖ **စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသနှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူ ဖြစ်စေနိုင်မည်ဖြစ်…**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးအတွင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကာဂျစ်ဒုတိယဝန်ကြီးချုပ်၊ နီပေါနိုင်ငံခြားရေးဝန်ကြီးတို့နှင့် ဒိုဟာမြို့၌ သီးခြားစီတွေ့ဆုံ

ဒိုဟာ အောက်တိုဘာ ၄

တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် ဒိုဟာမြို့၌ ရောက်ရှိနေသည့် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အောက်တိုဘာ ၃ ရက်က ကာဂျစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာအီဒေးဘိုင်ဆလေဘ့ဗ်နှင့် လည်းကောင်း၊ နီပေါနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ အာဇူရာနာဒူဘာနှင့် လည်းကောင်း ဒိုဟာမြို့ရှိရစ်ကာလ်တန်ဟိုတယ်၌ တွေ့ဆုံသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကာဂျစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မစ္စတာအီဒေးဘိုင်ဆလေဘ့ဗ်တို့ တွေ့ဆုံဆွေးနွေးစဉ်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ကာဂျစ် ဒုတိယဝန်ကြီးချုပ်နှင့် တွေ့ဆုံစဉ် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှု အခြေအနေများကို ထည့်သွင်းရှင်းလင်းပြောကြားပြီး မြန်မာ-ကာဂျစ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ ကုလသမဂ္ဂနှင့် အေစီဒီအဖွဲ့တွင်း ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နီပေါနိုင်ငံခြားရေးဝန်ကြီးနှင့် တွေ့ဆုံစဉ် မြန်မာနှင့် နီပေါ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများ၌ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ ကျောင်းသားဖလှယ်ရေး အစီအစဉ်များ ဖော်ထုတ်ရေး၊ အေစီဒီနှင့် ဘင်းမ်စတက် မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် တရားမဝင် မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားမှုများကိုတိုက်ဖျက်ရေးနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်ရေးအပေါ် မြန်မာနိုင်ငံမှ ဆောင်ရွက်နေမှုများကို ထည့်သွင်းရှင်းလင်းပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် တတိယအကြိမ် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ ထိပ်သီးအစည်းအဝေး တက်ရောက်ရန် ဒိုဟာမြို့သို့အသွား ဗန်ကောက်မြို့၌ ခရီးတစ်ထောက်ရပ်နားစဉ် အောက်တိုဘာ ၁ ရက်က ထိုင်းနိုင်ငံခြားရေးဝန်ကြီး မစ္စတာ မာရစ်ဆတ်ငီယမ်ဖုန်နှင့် ဗန်ကောက်မြို့ရှိ အင်တာကွန်တီနန်တယ်လ် ဟိုတယ်၌ တွေ့ဆုံခဲ့ပြီး မြန်မာနှင့် ထိုင်းနိုင်ငံတို့အကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ အေစီဒီ၊ အာဆီယံနှင့် ဘင်းမ်စတက် မျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များအပေါ် ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လာမည့် ၂၀၂၅ ခုနှစ်တွင် အေစီဒီဥက္ကဋ္ဌအဖြစ် တာဝန်လွှဲပြောင်းထမ်းဆောင်မည့် ထိုင်းနိုင်ငံ၏ အရေးပါသည့် အခန်းကဏ္ဍအပေါ် ကြိုဆိုကြောင်းကိုလည်း ထည့်သွင်းပြောကြားခဲ့သည်။

**မိန့်ခွန်းပြောကြားခဲ့**

ထို့အတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းသည်လည်း ထိပ်သီးအစည်းအဝေး ကာလအတွင်း အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည့် စီးပွားရေးဖိုရမ်နှင့် စီးပွားရေးဆိုင်ရာ အစည်းအဝေးများ(B2B Meetings)သို့ တက်ရောက်ကာ စီးပွားရေးဖိုရမ်၌ မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားခဲ့သည်။

ဒုတိယဝန်ကြီးက ၎င်း၏ မိန့်ခွန်း၌ အေအိုင်/ဉာဏ်ရည်တု နည်းပညာ၊ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းမှုနှင့် သက်ဆိုင်သည့် စီးပွားရေးပုံစံသစ်များနှင့် ပတ်သက်၍ ထည့်သွင်းပြောကြားခဲ့သည်။

အလားတူ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးမိုးသည် အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည့် အားကစားဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်

**နေပြည်တော် အောက်တိုဘာ ၄**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းရိုးတန်းနှင့်အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်တို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ အိန္ဒိယနိုင်ငံဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း၊ ယနေ့ညမှ အောက်တိုဘာ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။ **မိုး/ဇလ**

